The Arakan International

The Arakan International



# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၆)
ဂျွန်လ
၂၀၁၁ ခုနှစ်။

# ဟယ်လန်ကဲလား



လွတ်လပ်မှုဆုံးသျှုံးနိန်ရေ လူတယောက်မှရာသိန္နိုင်ရေ၊ ကျွန်လုပ်ခံနိန်ရရေ လူတယောက်ရာခံစားနေားလည်နှိုင်ရေသိမ်ငယ်ခြင်းတိရင်ထဲမှာအပြည့်.......စာ ၈



U.S. မှာကျောင်းတက်ရစွာမှာအကောင်းဆုံး၊အကြိုက်ဆုံးတစ်ခုကိုပြောရဖို့ ဆိုပါကေဆရာ၊ဆရာမတိအနိန်နန့်တခုမျက်နှာလည်းမလိုက်ပဲစာသင်ကတ်စွာကို ပါ။ ယေပြီးကေ........စာ ၁၂



ဘဝတွင်အခက်အခဲများစွာ၊ အတားအဆီးများစွာနှင့်ကြုံနိန်ကတ်ရသည့်အခြားလူသားများစွာရို့အတွက်ယင်းအခက်အခဲ၊အတားအဆီးများကိုကျော်လွှားရန်အင်အားတရပ်ဖြစ်စီ၏။ရှိဆောင်လမ်းပြလည်းဖြစ်စီ၏။ယုံကြည်မှု.......စာ ၁၆



ကမ္ဘာ့သမိုင်း၏စွမ်းဆောင်ရည်ပြည့်ဝသည့်လူသားများထဲတွင်ဂျွန်လဖွါးဟယ်လန်ကဲလားသည်ထိပ်ဆုံးမှပါဝင်သူတဦးဖြစ်ပါသည်။မျက်စိလည်းမမြင်၊နားလည်းမကြား၊စကားလည်းမပြောတတ်သူအမျိုးသမီးတဦးသည်တက္ကသိုလ်မှဘွဲ့ယူကာစာအုပ်ပေါင်းများစွာကိုရှီးသားခသူ၊ကမ္ဘာအနှံ့ ခရီးဆန့် ကာမိန့်ခွန်းများပီးခသူ၊ဒုက္ခိတပညာသင်ကျောင်းပေါင်းများစွာကိုဖွင့်လှစ်နှိုင်ခသူဖြစ်လာအောင်ထိလုပ်ဆောင်နှိုင်စွမ်းသည့် ***ကြိုးစားမှုနှင့်စိတ်ဓါတ်*** ကိုအကျွန်ရို့ "နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်" မှလေးစားစွာဂုဏ်ပြုအပ်ပါသည်။

ဟယ်လန်ကဲလား၏ဘဝအကြောင်းဖေါ်ပြချက်ကိုစာမျက်နှာ(၁၆)တွင်စတင်ဖတ်ရှုပါရန်။ →

ကျွန်းတွင်ဇမ္ဗူ

လူတွင်ရခိုင်

ကြိုင်ဘိသတင်း

ကင်းဘိအပြစ်

ချစ်သည့်အမျိုး

ကြိုးသည့်လုံ့လ

မြတ်စာဂ နှင့်

နှစ်ဝနတ်လူ

ချစ်ကြည်ဖြူသည်

နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

*(သျှင်မဟာသီလဝံသ)*

# အယ်ဒီတာ့စကား

အကျွန်အမေရီကန်ပြည်ထောင်စုသို့ရောက်ခါစကဖြစ်ပါရေ။အင်္ဂလိပ်စကားကိုလည်းဟုတ်တိပါတ်တိပြောဖို့မတတ်။(အမှန်မှာအေဂုလည်းမတတ်ပါ။)သူများပြောစွာကိုလည်းနားကောင်းကောင်းမလည်။စာရွီး၊စာဖတ်ဖို့လည်းကောင်းကောင်းမတတ်။ကားလည်းမောင်းဖို့မတတ်။ဆိုရေခါစကားပြောဖို့မတတ်တေအတွက်ပဘားတယောက်ပိုင်ခံစားရပါရေ။သူများပြောစွာကိုနားမလည်ရေအတွက်နားပင်းနိန်ရေလူနန့်ကကောင်းကွာခြားစွာတော့ကေမဟုတ်ပါ။ရွီးဖို့၊ဖတ်ဖို့မတတ်တေအတွက်မျက်ကန်းတယောက်ပိုင်ပါ။ဇာမှာလားလားကားမဟိကေမဖြစ်တေအကျွန်ရို့နိန်ရေဒေသမှာကားမောင်းဖို့မတတ်တေအကျွန်ရေတခုသို့လည်းလားလို့၊လာလို့မရောက်တေအတွက်ခြီထောက်ကျိုးနိန်ရေလူတယောက်နန့်ထူးမခြားနားနီးပါးပါ။အားလုံးပေါင်းလိုက်ကေ **“ငါ–ဒုက္ခိတတယောက်ရာ”** လို့မချိသွားခြဲခံစားဖြစ်ပါရေ။

အမေရီကန်ကိုရောက်ခါစအကျွန့်သူငယ်ချင်းအများစုစွာလည်းယင်းမျိုးခံစားဖြစ်ကတ်တေလို့အကျွန်ကြားသိ၊နားလည်ဖြစ်ပါရေ။သို့သော်အကျွန်ရို့ရောက်နိန်ရေနေရာရေအမေရီကားပါ။အမေရီကန်သူဟယ်လန်ကဲလားကိုကြည့်ပါ။မျက်စိလည်းမမြင်၊နားလည်းမကြား၊စကားလည်းပြောဖို့မတတ်ပဲနန့်တက္ကသိုလ်ကဘွဲ့ယူလားခပါရေ။စာအုပ်ပေါင်း၊ဆောင်းပါးပေါင်းအများကြီးကိုရွီးလားခပါရေ။ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့ခရီးထွက်ပနာမိန့်ခွန်းစကားပေါင်းများစွာကိုပြောခပါရေ။ဆိုရေခါအကျွန်ရို့ရေအားနည်းချက်တိအများကြီးနန့်မွီးဖွါး၊ကြီးပြင်းလာကတ်သည့်တိုင်အကျွန်ရို့တိ၏ဖြစ်တန်စွမ်းစွာအမှန်မှာကန့်သတ်ထားစွာမဟုတ်ပါ။ချုပ်ချယ်ထားစွာမဟုတ်ပါ။ရိုးရိုးသားသားကြိုးစားသလောက်လမ်းအားလုံးစွာပွင့်နိန်ပါရေ။ ယင်းအပိုင်းချေကိုပုံဖေါ်ချင်လွန်းလို့ဟယ်လန်ကဲလားအကြောင်းကိုရွီးပလိုက်စွာလက်လွန်လားခပါရေ။အေလမှာရယ်စရာအခန်းကိုရွီးဖို့စာမျက်နှာမကျန်လိုက်ပါယာ။

အကျွန်ရို့အဂေါင့်လည်းဂေါင့်စနစ်တကျနန့်၊ဇွဲနပဲသန်သန်နန့်ကြိုးစားကေဇာမဆိုဖြစ်နှိုင်ပါရေ။ဖြစ်လည်းဖြစ်နိန်ကတ်ပါရေ။ဟယ်လန်ကဲလားအပြင်ကိုယ်တပိုင်းလီပြတ်နိန်ပြီးကေစက်သီး(ဘီး)တပ်ကုလားထိုင်ကိုအားကိုးအားထားပြုပနာလား၊လာနိန်ရရေ ဖရန်ကလိန်ရူစဗဲ့ကိုကြည့်ပါ။အမေရီကန်နိုင်ငံ၏သက်တမ်းအရှည်ဆုံးသမ္မတတောင်ဖြစ်လားခပါသိရေ။ကျောင်းတနှစ်ပြည့်အောင်စာမသင်ဖူးရေလိန်ကိန်းကိုကြည့်ပါ။အမေရီကန်မှာတောင်မက၊ကမ္ဘာ့သမိုင်း၏သမိုင်းဝင်သမ္မတ၊ဂေါင်းဆောင်ကြီးဖြစ်လားခပါရေ။

အေနေရာမှာအကျွန်ဆိုလိုစွာကအကျွန်ရို့ရခိုင်ညီအစ်ကို၊ညီအစ်မများအားမငယ်ကတ်ဖို့ပါ။ကိုယ့်ကိုကိုယ်မသိမ်ငယ်ကတ်ဖို့ပါ။အကျွန်ရို့ရေထောင်စုနှစ်နန့်ချီဗျာယ်ကိုယ့်ထီး၊ကိုယ့်နန်းနန့်နိန်ထိုင်လာရေလူမျိုးပါ။စာပီ၊ယဉ်ကျေးမှု၊အားကစား၊အနုပညာ၊အဝတ်အထည်ကအစ၊မင်းကျင့်တရား၊ဓမ္မသတ်တရားတိအားလုံးပြည့်စုံကုံလုံခရေ၊နောက်လည်းဖြစ်လာနှိုင်ရေ၊ကမ္ဘာကအသိအမှတ်ပြုခံထားရရေလူမျိုးတမျိုးပါ။**မကြာခင်ကမြောက်ဦးမှာတူးဖေါ်ရဟိရေရှိဌ်ပိသာကျော်အလီးချိန်ဟိရေမြတ်စွာဖုရားဆင်းတုတော်ကိုကြည့်ကေတောင်ရခိုင်ရို့၏အတိတ်ကကြွယ်ဝချမ်းသာမှုကိုခန့်မှန်းနှိုင်ကတ်ပါရေ။**

အကျွန်ရို့၏ရိုးသား၊ကြိုးစားတတ်တေစိတ်ဓါတ်တိနန့်အတူကိုယ့်ကိုကိုယ်စွမ်းအားမြှင့်အင်အားဖြည့်တင်းလားကတ်ရဖို့ဖြစ်ပါရေ။ဟယ်လန်ကဲလားပိုင်ဒုက္ခိတအမျိုးသမီးတယောက်တောင်ဘဝကိုစိန်ခေါ်ပနာထိပ်ဆုံးကိုရောက်လားနှိုင်သိစွာ။အကျွန်ရို့ဇာဖြစ်လို့မဖြစ်နှိုင်ရဖို့လဲဆိုရေမိန်းခွန်းကိုမိန်းပနာကိုယ့်ကိုကိုယ်စိန်ခေါ်ပလိုက်ပါ။**ကိုယ့်ကိုကိုယ်နိုင်အောင်တိုက်ယက်ပင်းဘဝ၏တိုက်ပွဲတိအပေါ်မှာအောင်ပွဲဆင်နှိုင်ပါစီ**ကြောင်းအားပီးဆန္ဒပြုလိုက်ရပါသည်။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



‘လူ’ဆိုစွာကကောင်းခက်ခဲရေ၊ ကြီးလဲရေတာဝန်တိကို ကြိုးပမ်းထမ်းဆောင်ဖို့ကမ္ဘာကို ရောက်လာစွာဖြစ်တေ၊ တသက်မှာတခါရာရရေယင်း အခွင့်အရေးကိုကိုယ့်နိုင်ငံနန့် ကိုယ့်လူမျိုးအတွက်ရာ ဖြစ်စီသင့်ပါရေ ”

*ဒေါက်တာရီဇော်*

*ဖီလီပိုင်မျိုးချစ်ဂေါင်းဆောင်*

= = =

“ ငါ့တိုင်းပြည်ရေအေကမ္ဘာ မြီပြင်ထက်မှာဟိနိန်ကတ်တေ အခြားနိုင်ငံတိအလယ်မှာသူ့ ထိုက်သင့်ရေနေရာကိုရပြီးခါမှ ငါ့သချိုင်းဂူမှာကမ္ပည်းထိုးပါ ”

*ရောဘတ်အိန်းမက်*

*အိုင်ယာလန်လွတ်မြောက်ရေး ဂေါင်းဆောင်*

**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# ဂျွန်လ (June)

ဂျွန်လသည်ပြီးဟောင်းရောမပြက္ခဒိန်တွင်နှီရာသီ၏ပထမဦးဆုံးသောလဖြစ်ပါသည်။ June ဟူသောနာမည်သည် (အိမ်ထောင်မှုကိစ္စ၊အမျိုးသမီးများနှင့်အိမ်မှုကိစ္စဗာဟီရများကိုကြီးကြပ်သည့်)ဂျူနို(Juno)နတ်ဖုရားမအားဂုဏ်ပြုသောအားဖြင့်မှည့်ခေါ်ထားခြင်းဖြစ်နိုင်ကြောင်းအယူအဆများဟိကတ်ပါသည်။ကမ္ဘာမြောက်ဖက်ခြမ်း၏နှီရာသီဥတုသည်ဂျွန်လ၂၁ရက်(သို့မဟုတ်)၂၂ရက်နိများတွင်တရားဝင်စတင်ပြီးအဆိုပါရက်မှာနှစ်တ နှစ်၏နိတာအရှည်ဆုံးသောရက်ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း၌သမိုင်းဝင်စာတင်ခြင်းခံရသူများအနက်အောက်ဖေါ်ပြပါပုဂ္ဂိုလ်များကိုဂျွန်လထဲတွင်ဖွါးမြင်ခကတ်ပါသည်–

ဂျွန် ၁၊ ၁၈၀၁ – ဘရိဟမ်ယန်း(ဂ်) (Brigham Young)ခရိယံဖုရားရှိခိုးကျောင်းများ၏အကြီးအကဲ။



ဂျွန် ၂၊ ၁၈၄၀ – ထောမာ့စ်ဟာဒီ (Thomas Hardy)အင်္ဂလိပ်ကဗျာနှင့်စာရှိုးဆရာ။

ဂျွန် ၃၊ ၁၈၀၈ – ဂျက်ဖာဆိန်ဒေဗီ (Jefferson Davis)အမေရိကန်နိုင်ငံရေးသမား။





ဂျွန် ၅၊ ၁၉၃၉ – ချားလ်စ်ဂျိုးဇက်ခလာ့ခ် (Charles Joseph Clark)ကနေဒါနိုင်ငံ၏၁၅ဦးမြောက်ဝန်ကြီးချုပ်။

ဂျွန် ၇၊ ၁၈၄၈ – ပါးလ်ဂွါဂွိန် (Paul Gauguin)ပြင်သစ်ပန်းချီဆရာ။

ဂျွန် ၈၊ ၁၈၆၇ – ဖရန့်ခ်လွိုက်ရိုက် (Frank Lloyd Wright)အမေရိကန်ပိသုကာနှင့်စာရှိုးဆရာ။





ဂျွန် ၁၂၊ ၁၉၂၄ – ဂျော့ချ်အိတ်ချ်ဒဗလျူဘုချ် (Geofge H. W. Bush)၄၁ယောက်မြောက်အမေရိကန်သမ္မတ။

ဂျွန် ၁၃၊ ၁၈၆၅ – ဝီလီယံဘာထ်လာယိတ်စ် (William Butler Yeats)အိုင်းရိချ်ကဗျာဆရာ။

ဂျွန် ၁၄၊ ၁၈၁၁ – ဟဲရိဘီချာစတောဝ် (Harriet Beecher Stowe)အမေရိကန်ကျွန်စံနစ်တိုက်ဖျက်ရေးစာရှိုးဆရာမ။



ဂျွန် ၁၇၊ ၁၈၈၂ – အီဂွါစထရာဗိန်စကီး (Igor Stravinsky)ရာသျှန်းနွယ်ဖွါးအမေရိကန်သီခြင်းရှိုးဆရာ။

ဂျွန် ၁၉၊ ၁၉၄၅ – ဒေါ်အောင်ဆန်းစုကြည် (Aung San Suu Kyi)မြန်မာ့ဒီမိုခရေစီဂေါင်းဆောင်။









ဂျွန် ၂၂၊ ၁၇၅၇ – ဂျော့ချ်ဘန်ကူးဘား (George Vancouver)အင်္ဂလိပ်ရီကြောင်းအရာဟိ။

ဂျွန် ၂၂၊ ၁၈၀၅ – ဂီယူဆက်ပီမာဇီနီ (Giuseppe Mazzini)အီတလီနိုင်ငံရေးသမား။

ဂျွန် ၂၃၊ ၁၇၆၃ – အိန်းပရက်စ်ဂျိုးဇက်ဖိန်း (Empress Josephine)ပြင်သစ်အင်ပါယာသခင်မ။

ဂျွန် ၂၅၊ ၁၉၀၃ – ဂျော့ချ်အော်ဝဲလ် (George Orwell)အင်္ဂလိပ်စာရှိုးဆရာ။

ဂျွန် ၂၆၊ ၁၈၉၂ – ပါးလ်ဘာ့ခ် (Pearl Buck)နိုဗယ်ဆုရအမေရိကန်စာရှိုးဆရာမ။





ဂျွန် ၂၇၊ ၁၈၇၂ – ပါးလ်လောရန့်စ်ဒင်ဘာ (Paul Laurence Dunbar)အမေရိကန်လူမည်းကဗျာဆရာမ။

ဂျွန် ၂၇၊ ၁၈၈၀ – ဟယ်လန်ကဲလား (Helen Keller)အမေရိကန်ဆွံ့အစာရှိုးဆရာမ။

ဂျွန် ၂၈၊ ၁၄၉၁ – ဟိန်နရီ(၈) (Henry VIII)အင်္ဂလိပ်ဘုရင်။

ဂျွန် ၂၈၊ ၁၅၇၇ – ပီတာပါးလ်ရူဘန် (Peter Paul Rubens)ဂျာမန်အနုပညာသျှင်။

ဂျွန် ၂၈၊ ၁၇၁၂ – ဂျိမ်းဂျက်ခ်ရူးဆိုး (Jean Jacques Rousseau)ဆွိစ်စာရှိုးဆရာ။



ဂျွန်၂၊သမ္မတနိုင်ငံနိ အီတလီ



ဂျွန်၅၊အခြီခံဥပဒေနိ ဒိန်းမာ့



ဂျွန်၁၇၊လွတ်လပ်ရေးနိ အိုင်းစလန်း



ဂျွန်၂၅၊လွတ်လပ်ရေးနိ မိုဇမ်ဘိခ်



ဂျွန်၂၆၊လွတ်လပ်ရေးနိ မက်ဒက်ဂက်စကာ



ဂျွန်၂၉၊လွတ်လပ်ရေးနိ ဆိုင်ချဲလ်စ်





ဂျွန်၃၀၊လွတ်လပ်ရေးနိ ဇိုင်ယာ

ဂျွန်လ၏ တတိယမြောက် တနင်္ဂနိ **(ဖခင်များနိ)**



## ဓညဝတီ(ဒုတိယ)ခေတ် ရခိုင်မင်းမြတ်များ

(ဘီစီ၁၂၇၁ မှ ၅၈၀ ထိ)

၈။ သီရိစန္ဒာ

၉။ သီဟရာဇာ

၁၀။ သီဟဟနု

၁၁။ ပယာက

၁၂။ နီလဂုဏ်

၁၃။ ရောဟဂုဏ်

၁၄။ သီရိဂုဏ်

၁၅။ သမံဇာ

၁၆။ သုဝဏ္ဏကုမ္မာ

၁၇။ သက်တင်ဖြူ

၁၈။ သက်တင်ဦး

၁၉။ ဇေတဝန်

၂၀။ မုဋ္ဌိယ

၂၁။ ကုမ္မာဏ္ဍလ

၂၂။ ဝါသုမဏ္ဍလ

၂၃။ ပူရိန္ဒ

၂၄။ ရာလမာယု

၂၅။ နာလမာယု

၂၆။ ဝရတကုနိ

၂၇။ ဝိသုရာဇာ

၂၈။ သီရိရာဇာ

# ဂျူန်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– တစ်ရာနှုန်းသောကမ္ဘာ့သန်းကြွယ်သူဌေးများအိမ်ထောင်စုသည်ကမ္ဘာ့ပိုင်ဆိုင်သမှုအားလုံး၏၃၉ရာနှုန်းကိုထိမ်းချုပ်ထားဟိကြောင်းဖြင့်ကမ္ဘာ့စီးပွါးရေးဆိုင်ရာသတင်းများတွင်ဖေါ်ပြသည်။

၂– လိဗျားနိုင်ငံထရီပိုလီတွင်နေတိုးတပ်ဖွဲ့များလီကြောင်းမှတိုက်စစ်ဆင်မှုပြုလုပ်သည်။

၃– ဘော့စနီးယားစစ်ဦးစီးချုပ်ဟောင်းရာ့တ်ကိုဗလာဒ္ဒေသည်ဟိဂ်မြို့တော်ဟိကမ္ဘာ့ကုသမဂ္ဂစစ်တရားခုံရုံးတွင်မျိုးတုံးသတ်ဖြတ်မှုကျူးလွန်မှုများအတွက်အေနိတွင်စတင်စစ်ဆေးခံရသည်။

၄– တရုတ်မှလီနာသည်အီတလီမှရှိလန်ဂရော့စ်ကိုအနိုင်ရကာပြင်သစ်အိုးဖန်းထန်းနိစ်ပြိုင်ပွဲ၊အမျိုးသမီးပွဲစဉ်တွင်ဗိုလ်စွဲလားသည်။

၅– ပြင်သစ်အိုးဖန်းထန်းနိစ်ပြိုင်ပွဲတွင်ရာဖားနာဒါသည်ရော်ဂျာဖယ်ဒရာကိုအနိုင်ရဗိုလ်စွဲလားသည်။

၆– အမေရိကန်တပ်ဖွဲ့များထွက်ခွါရန်လပိုင်းအလို၊အေနိတွင်အီရတ်၌တိုက်ခိုက်မှုတခုဖြစ်ပွါးရာအမေရိကန်စစ်သား၅ဦးနှင့်အီရတ်စစ်သည်၂၀ခန့်သီဆုံးလားသည်ဟုဆိုသည်။

၇– ကမ္ဘာ့ချူကလီးယားလက်နက်အမျိုးအစားများစွာထုတ်လုပ်မှုအပေါ်ကန့်သတ်ရန်၊ရပ်တန့်ပစ်ရန်ကြိုးစားမှု၌အောင်မြင်မှုများမဟိကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၈– အစားအစာနှင့်လောင်စာဆီဈေးနှုန်းများမြင့်တက်မှုကြောင့်ကမ္ဘာ့စီးပွါးရေးတိုးတက်မှုကိုများစွာနှောင့်နှေးမှုများဖြစ်စီကြောင်းဖြင့်ကမ္ဘာ့ဘဏ်မှပြောဆိုလိုက်သည်။

၈– အမေရိကန်သမ္မတဘာရာ့ခ်အိုဘားမားနှင့်ဂျာမန်အဓိပတိအန်ဂျလာမားကိုစ်ရှိ့သည်အိမ်ဖြူတော်၌အေနိတွင်တွိဆုံကတ်ရာဥရောပ၏ကြွီးမြီဝန်ထုတ်ဝန်ပိုးများကိစ္စကိုပြောဆိုဖြစ်ကတ်သည်။

၉– လိဗျားတွင်မလွဲမသွေရင်ဆိုင်ကတ်ရမည့် “ဂဒါဖီအလွန်”ကာလအတွက်ဩဇာညောင်းသည့်ကမ္ဘာ့ပါဝါသျှင်နိုင်ငံများစတင်ဆွေးနွေးနိန်ကတ်ဗျာယ်ဖြစ်သည်။

## ကမ္ဘာ့ကျောက်ရောဂါတိုက်ဖျက်ရေးအတွက်$၄.၃ဘီလီယံဒေါ်လာလှူ




ဗြိတိန်နိုင်ငံလန်ဒန်မြို့တော်၌ကျင်းပသည့်ကမ္ဘာ့ကျန်းမာရေးဆိုင်ရာထိပ်သီးအစည်းအဝေးတွင်အပြည်ပြည်ဆိုင်ရာအလှူသျှင်နိုင်ငံများကကမ္ဘာ့အနာဂါတ်အချေါသူငယ်များ၏ကျောက်ရောဂါကာကွယ်ရေးအတွက်အလှူဖေသာအမေရိကန်ဒေါ်လာ၄.၃ဘီလီယံလှူဒါန်းထောက်ပံ့လားရန်ကတိကဝတ်ပြုလိုက်ကတ်သည်။အလှူသျှင်များအနက်နိုင်ငံအစိုးရများနှင့်တသီးပုဂ္ဂလများပူးပေါင်းပါဝင်ကတ်ပြီးစေတနာပေါက်မှုများထဲတွင်ဗြိတိန်နိုင်ငံကလှူဒါန်းငွီပေါင်စတာလိန်၈၁၄သန်း(အမေရိကန်ဒေါ်လာ၁.၃ဘီလီယံ)နှင့်မိုက္ကရိုဆော့ဖ်ကုမ္ပဏီပိုင်သျှင်နှင့်ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တဦးဖြစ်သူဘီလ်ဂိတ်မှအမေရိကန်ဒေါ်လာ၁ဘီလီယံပီးလှူလားပါသည်။ဗြိတိန်နိုင်ငံအနိန်ဖြင့်ပြီးခသည့်နှစ်ပေါင်း၃၀အတွင်းတွင်ကမ္ဘာ့ကျောက်ရောဂါတိုက်ဖျက်ရေးအတွက်လှူဒါန်ငွီအမေရိကန်ဒေါ်လာ၂ဘီလီယံကျော်လှူဒါန်းထားပြီးဖြစ်သည်ဟုဆိုသည်။အေဂုစေတနာပေါက်လိုက်ကတ်သည့်ဖေသာများအားကမ္ဘာ့ဆင်းရဲသည့်နိုင်ငံပေါင်း၇၂နိုင်ငံမှအချေ၄သန်းကျော်ရှိ့ကိုကျောက်နှင့်ဝက်သက်ရောဂါကာကွယ်ဆီးများထိုးပီးလားမည်ဖြစ်ကြောင်းနှင့်အခြားအလှူသျှင်နှင့်လှူဒါန်းငွီများမှာအောက် ပါအတိုင်းဖြစ်သည်–

| | |
|---|---|
| နော်ဝေ ($၆၆၇သန်း) | ဩစတြေးလျှား ($၁၄၉သန်း) |
| အမေရိကန်ပြည်ထောင်စု ($၄၅၀သန်း) | ပြင်သစ် ($၁၄၆သန်း) |
| ဆွီဒန် ($၂၀၁သန်း) | ဂျာမဏီ ($၇၃သန်း) |
| နယ်သာလန် ($၁၇၅သန်း) | အီတလီ ($၂၅သန်း) |

*(ဂျူန်၁၃၊ဘန်ကောက်ပို့စ်၊ဘီဘီစီ)*

## ဂျူန်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၉– အမေရိကန်ပြည်ထောင်စု၏ပြည်ပပို့ကုန်ပမာဏသည်ပြီးခဲ့သည့်အေပရယ်လတွင်ဒေါ်လာ၁၇၅.၆ဘီလီယံဟိ ကြောင်းနှင့်၄င်းမှာစံချိန်တင်မြင့်တက်မှုတရပ်ဖြစ်ကြောင်းသက်ဆိုင်ရာအရာဟိများမှထုတ်ဖေါ်ပြောဆိုသည်။

၁၀– အိန္ဒိယနိုင်ငံတွင်မော်စီတုန်းဝါဒီသူပုန်များသည်ပုလိပ်၁၀ယောက်ခန့်ကိုမိုင်းဗုံးခွဲသတ်ပစ်လိုက်ကြောင်းအိန္ဒိယ အရာဟိများကထုတ်ဖေါ်ပြောဆိုသည်။

၁၁– အမေရိကန်ပြည်ထောင်စုသည်တန်ဖိုး၄၆.၁ဘီလီယံဟိသည့်စစ်ဖက်တိုက်လေယဉ်ပျံများအားအေနှစ်အတွင်း တွင်ရောင်းချလားရန်စီစဉ်ထားဟိရာယင်းသည်အယင်နှစ်ကထက်နှစ်ဆတိုးလာခြင်းဖြစ်သည်ဟုဆိုသည်။

၁၂– ချီလီနိုင်ငံတွင်မီးတောင်ပေါက်ကွဲရာမှချော်ပြာနှင့်မီးခိုးများထူထပ်သိပ်သည်းစွာဖြစ်ပေါ်လာပြီးသြစတြေးလျား နှင့်နယူးဇီလန်နိုင်ငံ၏လီကြောင်းလိုင်းအချို့ပိတ်ထားရသည်ဟုဆိုသည်။

၁၂– တောင်တရုတ်ပင်လယ်အတွင်းမှကျွန်းစုများကိုသူပိုင်၊ကိုယ်ပိုင်အငြင်းပွါးမှုကိုအခြေခံလျှက်ဗီယက်နမ်နှင့်တရုတ် နိုင်ငံများကြားတွင်တင်းမာမှုများမြင့်မားလာလျှက်ဟိသည်။

၁၃– မြောက်ကိုးရီးယားစစ်သဖော်သည်မြန်မာပြည်တွင်ဒုံးပစ်စစ်လက်နက်များလားရောက်ချထားပစ်ခသည်ဟုယူ ဆရကြောင်းဖြင့်အမေရိကန်စောင့်ကြည့်တပ်ဖွဲ့မှထုတ်ဖေါ်ပြောဆိုသည်။

၁၄– တောင်တရုတ်ပင်လယ်တွင်ဖြစ်ပွါးနိန်သည့်တရုတ်ပြည်နှင့်အငြင်းပွါးမှုကိစ္စအတွက်ဖိလီပိန်းသမ္မတဘနီနိုအကွီ နိုမှသူ့နိုင်ငံ၏သက်တမ်းရှည်မိတ်ဖက်နိုင်ငံဖြစ်သည့်အမေရိကန်ပြည်ထောင်စု၏အကူအညီကိုလိုအပ်လိမ့်မည်ဖြစ် ကြောင်းပြောဆိုလိုက်သည်။

၁၄– ဗမာစစ်အစိုးရသည်ကချင်ပြောက်ကျားများနှင့်တိုက်ပွဲပြင်းထန်စွာဖြစ်ပွါးသည်ဟုဆိုသည်။

၁၅– တရုတ်ပြည်တောင်ပိုင်းတွင်ဆန္ဒပြပြည်သူများအားအစိုးရမှအကြမ်းဖက်နှိမ်နင်းကိုင်တွယ်နိန်မှုများကြောင့်ဒေ သခံပြည်သူအများသည်ကြောက်လန့်စွာနိန်ထိုင်နိန်ကတ်ရကြောင်းသတင်းများတွင်ဖေါ်ပြသည်။

## ဗန်ချက်စတာယူနိုက်တက်အသင်း၏မြောက်အမေရိကခရီးစဉ် ၂၀၁၁

အင်္ဂလန်ပရီးမီးယားလိဂ်ဖလားကို၁၉ကြိမ်မြောက်အဖြစ်အေနှစ်ထဲတွင်ရဟိလားသည့်မန်ချက်စတာယူ နိုက်တက်အသင်းသည်လာမည့်ဂျူလိုင်လထဲတွင်၄င်း၏မြောက်အမေရိကခရီးစဉ်အဖြစ်အမေရိကန်ပြည်ထောင်စု တွင်ချစ်ကြည်ရေးဘောလုံးပွဲစဉ်များလာရောက်ကဇါပ်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်ကြေ်ငြာလိုက်ပါ သည်။

မန်ယူအသင်းသည်အမေရိကန်ပြည်ထောင်စုတွင်ပွဲစဉ်၅ခုကဇါပ်မည်ဖြစ်ပြီးမန်ယူနှင့်ယှဉ်ပြိုင်ကဇါပ်ကတ် မည့်အသင်း၊ရက်နှင့်နေရာများမှာအောက်ပါအတိုင်းဖြစ်ပါသည်–




Man U – New England Revolution (Billette Staduum, Boston, July 13, 2011)

Man U – Seattle Sounders (Qwest Field, Seattle, July 20, 2011)

Mau U – Chicago Fire (Soldier Field, Chicago, July 23, 2011)

Man U – CLS All-Star team (Red Bull Arena, New Jersey, July 27, 2011)

Man U – Barcelona (FedEx Field, Washington DC, July 30, 2011)

ပွဲစဉ်အသီးသီးအတွက်လက်မှတ်များကိုwww.ticketmaster.comတွင်ဝယ်ယူရဟိနိုင်ကတ်ပြီးချီကာ ဂိုပွဲစဉ်အတွက်လက်မှတ်များကိုwww.chicago-fire.comတွင်လည်းဝယ်ယူရဟိနိုင်ပါသည်။ချီကာဂိုပွဲစဉ်အတွက် လက်မှတ်ဈေးနှုန်းများမှာတစောင်လျှင်အမေရိကန်ဒေါ်လာ ၄၅ မှ ၄၂၁ အထိအချိုးချိုးအစားစားဖြစ်ကြောင်းသိ ဟိရသည်။ (Source: Wheaton Leader, Chicago Fire, Man U ဝက်ဘ်စာမျက်နှာများ။)



### ကွန်ပျူတာဆိုင်ရာ အတိုကောက်ဝေါဟာရများ

**AOL**-America Online

**APCUG**-Association of Personal Computer Users Group

**APL**-A Programming Language

**ARPA**-Advanced Research Projects Agency

**ARPANET**-Advanced Research Projects Agency Network

**ASCII**-American Standard Code for Information Interchange

**ASF**-Advanced Streaming (or Systems) Format

**ASP**-Application Service Provider

**ATC**-Advanced Transfer Cache

**ATM**-Automated Teller Machine

**AUP**-Acceptable Use Policy

**AWC**-Association for Women in Computing

**B2B**-Business-to-Business

**B2C**-Business-to-Consumer

**BASIC**-Beginner's All-purpose Symbolic Instruction Code

**BD-R**-Blu-ray Disc Recordable

**BD-RE**-Blu-ray Disc Rewritable

**BD-ROM**-Blu-ray Disc Read-Only Memory

**BI**-Business Intelligence

**BIOS**-Basic Input/Output System

**Bit**-Binary digit

**BLS**-Bureau of Labor Statistics

**BPA**-Business Process Automation

## ဂျန်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၆– ဒီမိုခရက်ထိခ်အထက်လွှတ်တော်အမတ် ၂၅ဦးပါဝင်သည့်အုပ်စုတစုသည်သမ္မတအိုဘားမားအားအာဖဂန်နီစထန်မှအမေရိကန်တပ်ဖွဲ့ များဂျူလိုင်လတွင်ဆုတ်ခွါရေးကိုဖိအားပေးနိန်ကတ်သည်ဟုဆိုသည်။

၁၇– တောင်တရုတ်ပင်လယ်အတွင်းတွင်အငြင်းပွါးနိန်သည့်ရီပြင်ပိုင်နက်အတွက်နှစ်နိုင်ငံကြားတင်းမာမှုများကြီးထွါးလာနိန်ရာဖီလီပိန်းနိုင်ငံသည်စစ်သင်္ဘောတစင်းအားအဆိုပါအေရီယာသို့ ပို့လွှတ်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၁၇– တောင်တရုတ်ပင်လယ်အတွင်းသူ့ အိမ်နားပါးချင်းများနှင့်အငြင်းပွါးနိန်သည့်ရီပြင်သို့ သူ၏စစ်သင်္ဘောများ၊ ကင်းလှည့်သင်္ဘောများကိုနှစ်ဆတိုးချလားမည်ဖြစ်ကြောင်းတရုတ်ပြည်ကဆိုသည်။

၁၈– တရုတ်ပြည်တောင်ပိုင်းတွင်ဆန္ဒပြမှုများဖြစ်ပွါးရာအစိုးရကလူ၁၉ယောက်ခန့် ဖမ်းဆီးလိုက်ကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၁၉– နှစ်အတန်ကြာအီးစက်နိန်ခပြီးနောက်အိန္ဒိယစစ်ဖက်ဆိုင်ရာကိုယ်စားလှယ်အဖွဲ့ သည်ဖိရက်ကြာအလည်အပတ်ခရီးစဉ်အဖြစ်တရုတ်သို့ ရောက်ဟိလားသည်။

၂၀– တူနီးသျှားနိုင်ငံ၏သမ္မတနှင့်ကတော်ဟောင်းရို့ သည်ပြည်သူ့ ငွီကြီးများအလွဲသုံးစားလုပ်မှုဖြင့်ထောင်ဒဏ်၃၅နှစ်ကျခံစီရန်တရားရုံးတော်မှချမှတ်လိုက်သည်။

၂၁– မြန်မာ့ဒီမိုခရေစီဂေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ဗီဒီယိုခွေနှင့်ထည့်သွင်းထားသည့်မိန့်ခွန်းအားအမေရိကန်အောက်လွှတ်တော်တွင်လာမည့်ဗုဒ္ဓဟူးနိဠ်ပြသကာမိန့်ခွန်းပီးလားမည်ဟုဆိုသည်။

၂၂– တောင်တရုတ်ပင်လယ်တွင်နယ်မြီအငြင်းပွါးနိန်သည့်ဇရိယာမှရတပ်သင်္ဘောထွက်ခွါလားရန်တရုတ်မှအမေရိကန်ပြည်ထောင်စုအားသတိပီးပြောကြားလိုက်သည်။

၂၂– အာဂျိန်ထီးနားသမ္မတခရီစတီးနားကာချ်နာသည်အေဂုနှစ်အောက်တိုဘာလတွင်ကျင်းပမည့်အထွေထွေရွီးကောက်ပွဲတွင်သူမ၏ဒုတိယသမ္မတသက်တမ်းအတွက်ဝင်ရောက်အရွီးခံလားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၂၃– ပြီးခသည့်နှစ်တွင်အာဖဂန်နိစတန်မှဘိန်းခင်းများကိုဆီးဖြန်းဖျက်ဆီးအပြီးတွင်အေဂုအခါဗမာပြည်သည်ဘိန်းတိုးမြှင့်ထုတ်လုပ်သည့်နယ်မြီဖြစ်လာနိန်မှုအပေါ်စိုးရိမ်မကင်းဖြစ်ရပါကြောင်းကုလသမဂ္ဂမှပြောဆိုလိုက်သည်။

### အမေရိကန်ပြည်ထောင်စုတွင်အာသျှတိုက်သားအများဆုံးနိန်ထိုင်သည့်ပြည်နယ်(၁၀)ခု

| စဉ် | ပြည်နယ် | ပြည်နယ်၏ စုစုပေါင်းလူဦးရေ | အာသျှတိုက်သားဦးရေ (၂၀၀၈) |
|---|---|---|---|
| ၁ | ခယ်လီဖိုးနီးယား | ၃၆, ၇၅၆, ၆၆၆ | ၄, ၅၈၁, ၈၉၀ |
| ၂ | နယူးယော့ခ် | ၁၉, ၄၉၀, ၂၉၇ | ၁, ၃၆၈, ၅၈၅ |
| ၃ | ထက်ကဆက်စ် | ၂၄, ၃၂၆, ၉၇၄ | ၈၄၁, ၀၁၆ |
| ၄ | နယူးဂျာဆီ | ၈, ၆၈၂, ၆၆၁ | ၆၆၄, ၂၅၁ |
| ၅ | အီလီနွိုက် | ၁၂, ၉၀၁, ၅၆၃ | ၅၅၈, ၉၃၃ |
| ၆ | ဟာဝိုင်အီ | ၁, ၂၈၈, ၁၉၈ | ၅၀၆, ၁၅၉ |
| ၇ | ဝါသျှိန်တန် | ၆, ၅၄၉, ၂၂၄ | ၄၃၇, ၇၈၃ |
| ၈ | ဖလော်ရီဒါ | ၁၈, ၃၂၈, ၃၄၀ | ၄၁၆, ၃၁၈ |
| ၉ | ဗာဂျီးနီးယား | ၇, ၇၆၉, ၀၈၉ | ၃၇၈, ၂၂၆ |
| ၁၀ | မက်ဆာချူးဆက်စ် | ၆, ၄၉၇, ၉၆၇ | ၃၂၁, ၁၃၀ |




Source:The New York Times Almanac (2011)

**သိထားသင့်သော**

**အင်္ဂလိပ်ဘာသာအတိုကောက်များ**

**(အယင်လမှ အဆက်)**

G.O.P. – Grand Old Party

အမေရိကန်ပြည်ထောင်စု၏နိုင်ငံရေးပါတီတခုဖြစ်သောရီဖါဗလီကိန်ပါတီ၏နာ မည်ပြောင်

Gov. – Governor

အုပ်ချုပ်ရေးမှူး

H.M.S. – His (or Her) Majesty's Service; His (or Her) Majesty's Ship)

ဘုရင်(သို့ မဟုတ်)ဘုရင်မ၏လုပ်ငန်းဆောင်တာ။ဘုရင်(သို့ မဟုတ်)ဘုရင်မ၏သင်္ဘော

Hon. – Honorable

ဂုဏ်ကျက်သရေဟိသော၊ဂုဏ်ပြုလောက်ဖွယ်ဖြစ်သော၊ဂုဏ်ထူးဆောင်။

Hosp. – hospital

ဆီးရုံ

H.P., HP, h.p. – horsepower

မြင်းကောင်ရေအား

hr. – hour

နာရီ

ht. height

အမြင့်၊ အရပ်အမြင့်။

i.e. – id est (Latin, "that is")

ဥပမာ။ထိုအရာ၊ညွှန်းဆိုချက်။ပိုမို၍သီးခြားသျှင်းလင်းစွာဖေါ်ပြရပါလျှင်။

ill., illus. – illustrated; illustration

ရုပ်ပုံကားချပ်များထည့်သွင်းထားသည်။ ပုံပြအညွှန်းများပါဟိခြင်း။

**ဆက်လက်ဖေါ်ပြလားပါမည်။**

## ဇွန်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၄– အမေရိကန်နှင့်ဖိလစ်ပိုင်နိုင်ငံရှိတပ်ဖွဲ့များသည်တောင်တရုတ်ပင်လယ်အတွင်းတွင်ပူးပေါင်းစစ်ဆင်ရေးများလာမည့်အပါတ်ထဲတွင်ပြုလုပ်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၂၅– ဂျပန်နိုင်ငံ၊တိုကျိုးမြို့တော်တွင်ဗီယက်နမ်နိုင်ငံသား၂၀၀ခန့်သည်တောင်တရုတ်ပင်လယ်အတွင်းမှကျွန်းစုပိုင်ဆိုင်ရေးအငြင်းပွါးမှုကြောင့်တရုတ်အားဆန့်ကျင်ဆန္ဒပြကတ်သည်။

၂၅– ဗမာပြည်မြို့တော်နေပြည်တော်နှင့်မန္တလေးမြို့များတွင်ဖုံး၃လုံးပေါက်ကွဲလားရာစစ်တပ်မှကရင်လွတ်လပ်ရေးတိုက်ပွဲဝင်သူများ၏လက်ချက်ဖြစ်ကြောင်းစွပ်စွဲပြောဆိုလိုက်သည်။

၂၆– တရုတ်ဝန်ကြီးချုပ်ဝန်ဂျားဘောင်၏ဗြိတိန်ခရီးစဉ်တွင်တရုတ်နှင့်ဗြိတိန်နိုင်ငံများကြားတွင်နှစ်နိုင်ငံကြားကုန်သွယ်ဆက်ဆံရေးအားစွမ်းအားမြှင့်လုပ်ဆောင်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၂၇– ကမ္ဘောဒီးယားမှခမာနီဂေါင်းဆောင်များသည်မျိုးတုံးသတ်ဖြတ်မှုကျူးလွန်မှုများအတွက်တာဝန်ဟိကြောင်းကုလသမဂ္ဂနောက်ခံပြုသည့်စစ်ခုံရုံးမှဆိုသည်။

၂၈–နိုင်ငံတွင်းခေါက်ဆွဲစားမှုများတွင်လူ့မလိုင်များပါဝင်နိန်မှုကြောင့်ကိုင်တွယ်ရန်ခဲယဉ်းပြီးသူ၏အသက်အန္တရာယ်အတွက်စိုးရိမ်ဖွယ်ရာများဟိနိန်သည့်အတွက်အာဖဂန်နိစတန်နိုင်ငံဗဟိုဘဏ်အကြီးအကဲသည်အမေရိကန်နိုင်ငံသို့ထွက်ပြီးတိမ်းသျှောင်လာသည်။

၂၈– ပြင်သစ်မှခရီစတိန်းလာဂါဒီကိုအပြည်ပြည်ဆိုင်ရာငွေကြီးရုံပုံငွေအဖွဲ့၏ဦးဆောင်ညွှန်ကြားရေးမှူးသစ်အဖြစ်ရွီးချယ်လိုက်ကြောင်းနှင့်၄င်းမှာအဆိုပါရာထူးအတွက်ပထမဦးဆုံးသောအမျိုးသမီးဖြစ်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၂၉– ဗမာ့ဒီမိုခရေစီဂေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အားစစ်တပ်နောက်ခံသည့်အစိုးရသစ်ကသတိပီးပြောဆိုမှုများပြုလုပ်လိုက်သည်။

၂၉–ဂိုးဂိုလ်ကုမ္ပဏီသည်ဖေ့စ်ဘုတ်ကိုယှဉ်ပြိုင်ရန်အတွက်၄င်း၏လူမှုရေးအကျိုးဆောင်ဝက်ဘ်စာမျက်နှာသစ် Google+ ကိုအေနိတွင်စတင်ထုတ်လွှင့်လိုက်သည်။

၃၀–ဗီယက်နမ်၊ကမ္ဘောဒီးယားနှင့်ဘင်္ဂလားဒေ့ချ်အသင်းများသည်၂၀၁၄ကမ္ဘာ့ဖလားခြီစိုက်အာသျှဇုန်၏ဒုတိယအုပ်စုပတ်လည်ပြိုင်ပွဲသို့တက်လားကတ်ဗျာယ်ဖြစ်သည်။



“ကိစ္စများမြောင်၊လူရှိ့ဘောင်၌ မသျှောင်နှိုင်သမျှ ဝဋ်ဒုက္ခနှင့် မလွတ်နှိုင်ပါ”

“သူ့ကိုမြင်သော်၊ငါလျှင်နှုန်းကေ မဆုံးလို့လေ”

“သံသာခွက်ခွင်း၊ခရုသင်းသည် ဒုံမင်းတံပိုး၊သံပြိုင်နှိုးလျှက်”

“ဤသူနှစ်ပါး၊ငါ့ကိုထား၍ နွားပင်မသီ၊အရှိန္ဒီးသို့”

ဟတ္ထာဆယ်ဖြာ၊ ပဒုံကြာကို ဂေါင်းမှာတင်ချီကြလျှက်၊ ဦးနှိမ်ချရှိညွှတ်ကာ”

“နံ့စိပ်ကေစီစာ၊ဖာလာတောက မြည်လတ်ယာ”

“ထိန်းခြင်းကျွဲနွား၊အပ်ထါးသူမှာ မနံ့ရာသည်၊မှန်စွာအဟုတ် ကိန္နရုပ်”

“အမှတ်စွဲလျှက်၊နှုတ်ကျက်လည်းရ သာခြင်းဆိုကေ၊စောင်းကိုတီးပျာ ပွဲကြီးချလျှက်”

“အနားတော်မှာ၊ရစ်ကာပွတ်ယှက် တစာစာလေ၊နှုတ်လာပွက်လို့”

## ကမ္ဘာ့အရပ်အပုဆုံးလူသား



ဖိလိပိန်းနိုင်ငံတောင်ပိုင်း၊စိန်ဒန်ဂန်(Sindangan)မြို့မှပန်းဖဲဆရာတဦး၏သားဖြစ်သူဂျုံရဲဘာလာဝိန်း(Junrey Balawing)သည်ကမ္ဘာပေါ်တွင်အရပ်အပုဆုံးလူသားအဖြစ်ကမ္ဘာ့စံချိန်တင်မှတ်တမ်းစာအုပ်တွင်ရွီးချယ်ထည့်သွင်းခြင်းခံရသည်။ဘာလာဝန်းသည်အေဂု၂၀၁၁ခုနှစ်၊ဂျုန်လတွင်အသက်၁၈နှစ်ပြည့်ဗျာယ်ဖြစ်ပြီးသူ၏အရပ်မှာ**၂၃.၅လက်မ**(၅၉.၉၃ဆိန်တီမီတာ)သာဟိပြီးသူ၏အသက်၂နှစ်ကျော်ခန့်မှစ၍အရပ်ရှည်ထွက်မှုနှုန်းလုံးဝရပ်တန့်လားခြင်းဖြစ်သည်ဟုဆိုပါသည်။ယခင်ကမ္ဘာ့အပုဆုံးစံချိန်သျှင်မှာနီပေါနိုင်ငံမှခါဂျန်ဒရာထာပါမာဂါဖြစ်ပြီးအရပ်အရှည်မှာ**၂၆လက်မ**ဖြစ်သည်။မိဖများအနိန်ဖြင့်ဂျုံရဲအားကျောင်းထားရန်ကြိုးစားကတ်သော်လည်းအောင်မြင်မှုမရကြောင်း၊အဘယ်ကြောင့်ဆိုသော်ကျောင်းတွင်းမှအခြားကျောင်းသားကျောင်းသူများအားလုံးကသူ့အားတချိန်လုံးဝိုင်းဝန်းကြည့်နိန်ကတ်သောကြောင့်ဖြစ်ကြောင်းဖြင့်ဆိုပါသည်။ဘဇောင်ပင်ဖြစ်စီသူ့သားအားကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ်စံချိန်တင်ကြောင်းအားလုံးကအသိအမှတ်ပြုကတ်သည့်အတွက်ကျေးဇူးတင်ဟိပါကြောင်းဂျုံရဲ၏ဖခင်ဖြစ်သူရေနာဒိုမှစကားဆိုသည်။ (ဂျုန်၁၂ဘန်ကောက်ပို့စ်)

# အောခရိုးမဝီးပါယာ

“အမေရိကားရေမတူကွဲပြားရေလူ့အသိုင်းအဝိုင်းတိစုပေါင်းဖွဲ့စည်းထားရေနိုင်ငံတခုပါ။ဇာနန့်တူရေလဲဆိုကေငြိမ်းချမ်း၊လှပရေမိုးကောင်းခင်ထဲမှာထက်မြက်၊ထူးချွန်၊တောက်ပနိန်ရေကြယ်စုတိပြန့်ကြဲတည်ဟိနိန်သျှောင်ပိုင်ပါ”

“အကျွန့်မှာအကျွန့်ကိုယ်ပိုင်ထင်မြင်ယူဆချက်တိအများကြီးဟိပါရေ၊ကကောင်းပြင်းထန်၊ခိုင်မာရေထင်မြင်ယူဆချက်တိပါ၊ယေကေလည်းယင်းထင်မြင်ယူဆချက်တိနန့်အကျွန်တခါလည်းသဖေါ်မတူဖြစ်ပါ”

“ကျေးဇူးပြုပြီးကေခွက်ကိုမကြည့်ပါကေ့၊တဝက်နီးပါးလောက်ပြည့်နိန်ရေခွက်ထဲကအရည်ကိုကြည့်ပါ”

“ဖားမှာမတုန်းရာဟိလီဖို့ဆိုကေဖားမတုန်းရေတခါလည်းမြီကိုကျလီဖို့မဟုတ်စွာရေလက်တွိမကျသည့်တိုင်အများကြီးဖြစ်နိူင်ရေကိစ္စအခြင်းအရာတရပ်ပါ”

George H. W. Bush




နှစ်ဆယ့်တစ်ရာစု၏ဆယ်စုနှစ်တခုကိုပင်ချဉ်းနင်းဝင်ရောက်လာယာဖြစ်တော။ရာစုသစ်မှာနိုင်ငံတိုင်း၊လူမျိုးတိုင်းကသူ့ထက်ငါအယင်ဖြိုကိုရောက်ဖို့ကြိုးစားနိန်ကတ်တော။ကမ္ဘာ့ဆူပါပါဝါသျှင်အမေရီကန်ကစစ်အီးကာလနောက်ပိုင်းဆူပါပါဝါအဖြစ်ကနိန်သူ့နိန်ရာကိုအစားထိုးဝင်ရောက်လာဖို့(သို့မဟုတ်)မျှဝီရဖို့ဖြစ်လာရေ။တရုတ်၊အိန္ဒိယစသည်ရို့ဖြင့်။ဂျပန်ကလည်းနိုင်ငံတကာမျက်နှာစာမှာသူရို့တိဩဇာတက်ဖို့ပိုလို့ကြိုးစားလာရေ။အိန္ဒိယကလည်းကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်အဖြစ်ကိုရောက်ဖို့တာစူနိန်ရေ။

အကျွန်ပြောချင်စွာကအောဂုအချိန်မှာတိုင်း၊နိုင်ငံအသီးသီးရေကိုယ့်တိုင်းပြည်၊ကိုယ့်လူမျိုးအတွက်ဇာပိုင်လုပ်နိန်ကတ်တောလဲဆိုစွာပါ။နှစ်ဆယ့်တစ်ရာစုမှာကိုယ့်တိုင်းပြည်အတွက်အားကစားကဏ္ဍမှာပင်ဖြစ်ဖြစ်၊နိုင်ငံရေးကဏ္ဍမှာပင်ဖြစ်ဖြစ်၊နည်းပညာကဏ္ဍမှာပင်ဖြစ်ဖြစ်၊ကဏ္ဍတိုင်းမှာ၊အချိန်တိုင်းမှာသူ့ထက်ငါကြိုးစားနိန်ကတ်တော။ပြိုင်ဆိုင်နိန်ကတ်တော။အချိန်တစက္ကန့်ချေတောင်ဖြုန်းဖို့မပြောကေ့။လောက်တောင်မလောက်။ယေ့အချိန်မှာရခိုင်လူမျိုးတိဇာလုပ်နိန်ကတ်ပါရေလဲ။သူရို့၏လက်ဟိအခြေအနေကဇာပိုင်ပါလဲ။ကမ္ဘာ့နိုင်ငံရေးဇတ်ခုံ၏ဇာအခန်းကဏ္ဍမှာထိထိရောက်ရောက်ပါဝင်ထမ်းဆောင်နိန်ကတ်တောလဲ။ဆန်းစစ်ဖို့လိုလာပါရေ။အေနေရာမှာအကျွန်ပြောချင်စွာကလူတယောက်ချင်းစီ၏ပါဝင်မှုမဟုတ်ပါ။လူမျိုးတမျိုးအနိန်နန့်ပါဝင်နိူင်မှုကိုဆိုလိုစွာပါ။

အကျွန်နိုင်ငံခြားသားတိနင့်စကားပြောရရေခါဇာလူမျိုးလဲ၊ဇာကလာစွာလဲ–မိန်းကတ်ပါရေ။အကျွန်ရခိုင်လူမျိုးပါ။ရခိုင်ပြည်ကလာစွာပါလို့ဖြေရေခါ–စိတ်မကောင်းပါ။ဒေနိုင်ငံ၊ဒေလူမျိုးနာမည်တခါလည်းမကြားဖူးပါလို့သူကပြန်ပြောပါရေ။ယေကေအကျွန်ကဆက်လို့–အကျွန်အသေအချာသျှင်းပြပါမေ––ရခိုင်ပြည်နန့်ရခိုင်လူမျိုးဆိုစွာက–––ကမ္ဘာ့မြီပုံကိုဖြန့်ချ။မြန်မာပြည်မြီပုံထဲကအနောက်ဖက်ခြမ်းကိုလက်ညှိုးထိုးပြရေခါ––ဒေစွာမြန်မာပြည်မဟုတ်လားလို့ပြန်မိန်းပြန်ပါရေ။

ယေကေပြန်သျှင်းပြရသိမ့်ရေတခေါက်။ဟုတ်ပါရေ။လောလောဆယ်မှာတော့ကေမြန်မာပြည်ထဲမှာပါ။ယေကေလည်းအယင်ကတော့ကေမဟုတ်ပါ–လို့အစချီပြီးကေရခိုင်သမိုင်းကိုအာပေါက်အောင်တတ်သလောက်၊မှတ်သလောက်သျှင်းပြရရေ။ယေမှအားနာ၊ပါးနာနင့်ဂေါင်းညိတ်တော။ယေ့စွာတောင်သူ့မျက်လုံးကခွဲထွက်ရေးဝါဒီသမားလား၊လက်နက်ကိုင်အကြမ်းဖက်ဖို့လူတိလားဆိုရေအကြည့်နှင့်။

ကိုယ့်တိုင်းပြည်အကြောင်း၊ကိုယ့်လူမျိုးအကြောင်းကိုရိုးရိုးသားသားပြောပြစွာတောင်လွတ်လွတ်လပ်လပ်ပြောလို့အဆင်မပြေနိူင်ရေအခြေအနေ။ယေနင့်ဖြစ်လို့လဲလောကမှာလွတ်လပ်မှုလောက်တန်ဖိုးဟိစွာဒေကမ္ဘာမှာတခုလဲမဟိလို့ဗီယက်နမ်ဂေါင်းဆောင်ဟိုချီမိန်းကပြောခစွာကို။လွတ်လပ်မှုဆုံးသျှုံးကေအရာရာဆုံးသျှုံးလားယာလို့အတွေးအခေါ်ပညာသျှင်တိကပြောခစွာကို။ဆိုးလိုက်တေဘဝ။ခက်လိုက်တေခံရ။ရင်ထဲမှာဖြွက်ခြင်း။ဝမ်းနည်းခြင်း။ခံပြင်းခြင်း။လွတ်လပ်မှုဆုံးသျှုံးနိန်ရေလူတယောက်မှရာသိနိူင်ရေ၊ကျွန်လုပ်ခံနိန်ရရေလူတယောက်ရာခံစား၊နားလည်နိူင်ရေသိမ်ငယ်ခြင်းတိရင်ထဲမှာအပြည့်။အော်—နှစ်ပေါင်းနှစ်ရာ့နှစ်ဆယ်ကျော်ကိုယ့်အသျှင်၊ကိုယ့်သခင်နင့်ဝီးနိန်ရေလူမျိုးတမျိုး။မျိုးဆက်များစွာအမိမဲ့သား၊ရီမဲ့ငါးတိဘဝကရင်ထဲမှာကျေနပ်ခြင်း၊အလိုကျခြင်းရို့တိဇာပိုင်ရောက်နိူင်ဖို့လဲ။ယေ့ပိုင်အနိန်အထားမျိုးမှာအကျွန်ရို့အချင်းချင်းရန်စောင်နိန်ကတ်ဖို့သိလား။မနာလိုမိစ္ဆာရိယစိတ်တိထားနိန်ကတ်ဖို့သိလား။တယောက်အမှားကိုတယောက်ဆီအပေါက်ဖြွာယောင်ပိုင်ဖြွာလို့၊ထိုင်ပနာအပြစ်တင်နိန်ကတ်ဖို့သိလား။သို့မဟုတ်—အချင်းချင်းဝိုင်းဝန်းဖေးကူလို့တူရာကိုအားစိုက်လို့အလုပ်လုပ်ကတ်ဖို့လား။နားလည်မှုတိတည်ဆောက်လို့တယောက်နန့်တယောက်ညီအစ်ကိုမောင်နှမတိပိုင်ခိုင်ခိုင်မာမာလက်တွဲလို့အမျိုးသားရေးကိုလုပ်ကတ်ဖို့လား။အကျွန်ရို့ဒေနိကိုယ့်ကိုကိုယ်အထပ်ထပ်မိန်းကတ်ရဖို့မိန်းခွန်းတိပါ။

တဖက်စာမျက်နှာသို့ →

လူဆိုစွာအမှားနှင့်မကင်းနိုင်။ယေခါ–စေတနာအမှားလား။တသိတမင်အမှားလား။မသမာမှုတိနှင့်လား။အပြစ်ကင်းရေရှိးသားစွာမှားယွင်းခြင်းလားဆိုစွာကိုဖြစ်လာရေပြဿနာအပေါ်မှာအခြီခံလို့ကိုယ်တိုင်သဖေါ်ထားကြီးမှုတိကိုမေါ်တ္တလာဂျီထိုးသုံးပြီးကေစကေားပြောဖို့ဆိုကေအကျွန်ရှိ့ဇာဖြစ်လို့နားလည်မှုမရနိုင်လဲ။ညီညွတ်မှုတခုကိုဇာဖြစ်လို့မတည်ဆောက်နိုင်လဲ။

ကိုင်––တချက်ချေလောက်အားလုံးစကားပြောကတ်မေ။အကျွန်ရှိ့တိအားလုံးစွာအဖရခိုင်ပြည်ကိုချစ်ကတ်တေလူဂျေးပါ။အကျွန့်မှာလည်းယုံကြည်မှုတခုလုံးဝအခိုင်အမာဟိနိန်ရေ။ယေကေလည်းအကျွန်ရှိ့ကြားထဲမှာကွာဟချက်ကချစ်ပုံချစ်နည်း။ချစ်နည်းမတူလို့ပြဿနာတက်ရစွာပါ။ဇာနန့်တူနိန်ကတ်လဲဆိုကေလောင်းတစင်းကိုအတူတူစီးလို့လားကတ်တေလူအချင်းချင်းတိ။တယောက်နင့်တယောက်သဖေါ်ထားကွဲလို့။လူနှစ်ယောက်မှာဦးတယောက်၊ပဲ့တယောက်နောက်ခိုင်းပနာဇကုန်လှေ်နိန်ကတ်တေပိုင်ပါ။ခရီးကရောက်ဖို့ကိုမပြောကေ့။နောက်ဆုံးလောင်းတောင်ခါးပိုင်းကပြတ်လားနိုင်ပါရေ။ယေကေအကျွန်ရှိ့တခရီးတည်းလားရေလူတိအချင်းချင်းမှာရီကြောင်းကျွမ်းရေလူကလမ်းကိုသေသေချာချာပြ။တက်မကိုင်ကျွမ်းရေလူကတက်မကိုကိုင်။ခွန်အားကောင်းရေလူကတက်ခတ်။ရာသီဉတုကျွမ်းကျင်ရေလူကသဘာဝဘေးဆိုးတိရောက်နိုင်၊မရောက်နိုင်ကြည့်လူကကြည့်။လီတိုက်မှုအလားအလာကိုကြည့်လို့ရှက်ထောင်သင့်လူကရှက်ကိုကိုင်။အသိပညာဗဟုသုတဟိရေလူတိကိုမိန်းစရာဟိကေမိန်းလို့သူရှိ့၏အကြံဉာဏ်ပီးမှုတိနှင့်အတူအကျွန်ရှိ့လိုရာခရီးကိုရောက်ဖို့ခရီးအတူနှင်ကတ်ဖို့ဆိုကေ–––ပန်းတိုင်ကိုကယောင်းပင်မရောက်ပဲနိန်ဖို့လား။

ယေကေ–––အကျွန်ရှိ့ဇာကိုစောင့်နိန်ကတ်ဖို့လိုသိလဲ။ဒေနိ၊ဒေအချိန်၊ဒေစက္ကန့်မှာအဖရခိုင်ပြည်အတွက်အလုပ်စကတ်မေ။အသူတက်ကိုစကိုင်ဖို့လဲ။အသူတက်မကိုကိုင်ဖို့လဲ။အသူရှက်ကိုကိုင်ဖို့လဲ။ရီပက်တေလူလဲမဟိလို့မဖြစ်။ခရီးနှင်နိန်ရေလောင်းတစင်းမှာသူလည်းအရေးကြီးရေ။တိုးတက်ပြောင်းလဲလာရေခေတ်စံနစ်နှင့်အညီအကျွန်ရှိ့လက်နှင့်ဂျေးခတ်နိန်လို့လဲမပြီး။ခေတ်မှီစက်ကရိယာတိတပ်ဆင်ဖို့လိုကေလည်းတပ်ဆင်နိုင်အောင်ဝိုင်းဝန်းကြိုးစားကတ်ရဖို့။

လီကြောင်းကျွမ်းကျင်ရေလူတိထွက်လာလတ်ကတ်ပါ။

တက်မကျွမ်းကျင်ရေလူတိထွက်လာလတ်ကတ်ပါ။

ပင်လယ်ရီကြောင်းကျွမ်းကျင်ရေလူတိထွက်လာလတ်ကတ်ပါ။

နှစ်ပေါင်း၂၂၀ကျော်လာသည့်တိုင်အကျွန်ရှိ့ခရီးပန်းတိုင်ကိုရောက်ဖို့မဝီးပါယာ။**အောခရီးမဝီးပါယာ။**

**မင်းစိုးအိမ်**

● ● ● ● ● ● ● ● ● ● ●

**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ဝယ်ယူအားပီးသူများ၊ကူညီဖြန့်ချိပီးသူများနှင့်**
**ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအား**
**အထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**


**Sources:** ***(သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders

Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/




**George Herbert Walker Bush**

**ဂျော့ချ်ဟားဘာ့ထ်ဝါလ်ခါဘုချ်**

(၄၁ ယောက်မြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ ဂျုန် ၁၂၊ ၁၉၂၄။

**ဘဝသက်တမ်း။** ။ ၁၉၂၄–

**မွီးရပ်။** ။ မီလ်တန်(Milton)၊ မက်ဆာချူးဆက်စ်ပြည်နယ်။

**အမိ။** ။ ဒိုရိုသီဝါလ်ခါဘုချ် (Dorothy Walker Bush)။

**အဖ။** ။ ပရီစကော့သျှယ်လ်ဒန်ဘုချ် (Prescott Sheldon Bush)။

**ဇနီး။** ။ ဘာဘရာပိုင်းရက်စ်ဘုချ် (Barbara Pierce Bush)။

**သားသမီးများ။** ။ George, Robin, John, Neil, Marvin, Dorothy

**နာမည်ပြောင်။** ။ ကန္တာရမုန်းတိုင်းစစ်ဆင်ရေး (Operation Desert Storm)

**ကောလိပ်/တက္ကသိုလ်။** ။ ယဲလ်တက္ကသိုလ် (Yale University)။

**အသက်မွီးအလုပ်အကိုင်။** ။ စီးပွါးရေးသမား။

**စစ်ရေးအတွိအကြုံ။** ။ အမေရိကန်ရီတပ်မာလိန်မှူး။

**နိုင်ငံရေးလုပ်သက်။** ။ အောက်လွှတ်တော်အမတ်၊ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာအမေရိကန်ပြည်ထောင်စု၏သံအမတ်ကြီး၊စီအိုင်အေညွှန်ကြားရေးမှူး၊ဒုတိယသမ္မတ(သမ္မတရီဂိင်လက်ထက်တွင်)၊ သမ္မတ။

**ပါတီ။** ။ ရီဖါဗလီကိန် (Republican)။

**ဒေသခံပြည်နယ်။** ။ တက္ကဆက်စ် (Texas)။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ Michael Dukakis; Bill Clinton

**သမ္မတသက်တမ်း။** ။ Jan 20, 1989 မှ Jan 20, 1993 ထိ။

**ဒုတိယသမ္မတ။** ။ Dan (James Danforth) Quayle

(စာမျက်နှာ ၁၇ မှ အဆက်)

တွင်ထိုင်လျှက်ဖြင့်သင်ယူမှုမိုးကုတ်စက်ဝိုင်းအားနယ်ချဲ့ဖြစ်ကတ်ခြင်းဖြစ်ပါသည်။ရာဒ်ခလိဖ်ကောလိပ်တွင်သင်ယူလေ့လာမှုများပြုလုပ်စဥ်ဟယ်လန်သည်သူမတွင်စာရှီးခြင်းနှင့်ပါက်သက်၍ထူးချွန်၊ထက်သန်မှုတစုံတရာဟိနိန်ကြောင်းမိမိကိုယ်မိမိသိဟိခံစားဖြစ်သည်။ကောလိပ်မှပါမောက္ခဆရာတဦးဆိုလျှင်ဟယ်လန်၏ဝါကျဖွဲ့ထုံးမှုသျှင်းလင်းကျစ်လျစ်ပုံမျိုးအခြားမည်သည့်တပည့်တယောက်တလေတွင်မှမတွိဖူးကြောင်းဖြင့်ပြောပြပြီးဟယ်လန်အနိန်ဖြင့်စာအုပ်ရှီးသားထုတ်ဝီသင့်ကြောင်းထိုဆရာမှပင်အားပီးစကားဆိုပါသည်။

ယင်းသျှောင်ဖြင့်စကားမပြောတတ်၊မျက်စိလည်းမမြင်၊နားလည်းမကြားသည့်ကောလိပ်ကျောင်းသူဟယ်လန်ကဲလားသည်အေဂုအခါစာအုပ်ရှီးရန်စီစဥ်ပျင်ဆင်မှုပြုဗျာယ်ဖြစ်ပါသည်။ရာဒ်ခလိဖ်ကောလိပ်၏ကျောင်းနားပါးချင်းဖြစ်သည့်ဟားဗဒ့်တက္ကသိုလ်မှပါမောက္ခပေါက်စတဦးဖြစ်သူဂျွင်မာစီ(John Macy)မှသူမ၏စာအရှီးအသားများအားလှပ၊ကောင်းမွန်လာအောင်ပျင်ဆင်တည်းဖြတ်ကူညီပီးသည်။သို့ဖြင့်၁၉၀၃ခုနှစ်တွင်အကျွန်ု့ဘဝ၏ဇတ်လမ်း(The Story of My Life)ဟူသည့်သူမ၏စာအုပ်ကိုထုတ်ဝီဖြစ်ခလီသည်။နောက်ပိုင်းတွင်လည်းဟယ်လန်ကဲလားစာအုပ်ပေါင်းများစွာကိုရှီးသားခပြီးယင်းရို့အနက်လူသိများသည့်“အကျွန်နိန်ထိုင်ဖြစ်သည့်ကမ္ဘာကြီး” (The World I Live In – 1908)၊ “အမှောင်ကိုလွန်မြောက်၍” (Out of the Dark – 1913) နှင့် “ဟယ်လန်ကဲလား၏ဂျာ နယ်”(Helen Keller's Journal - 1938) စာအုပ်များအပါအဝင်ဖြစ်ပါသည်။




*ဟယ်လန်ကဲလားရှီးသားခသည့်စာအုပ်အချို့၏မျက်နှာဖုံးပုံများ (အထက်)*

ဟယ်လန်ကဲလားအပေါ်ကူဖေါ်လောင်ဖက်များဖြစ်သည့်ဂျွင်မာစီနှင့်အန်နီဆူလေဗန်ရို့နှစ်ဦး၁၉၀၅ခုနှစ်တွင်လက်ထပ်ဖြစ်ကတ်လီသည်။ဟယ်လန်ကဲလားသည်စက်ရုံအလုပ်သမား၊ဆင်းရဲသားများအတွက်လည်းကောင်း၊အမျိုးသမီးများ၏ဆန္ဒမဲပီးပိုင်ခွင့်အခွင့်အရေးများနှင့်ပါက်သက်၍လည်းကောင်း၊အကန်းများ၊နားမကြားသူများနှင့်ပါက်သက်၍လည်းကောင်းဆောင်းပါးပေါင်းများစွာကိုလည်းရှီးသားခလီသည်။

ထိုမျှမကဟယ်လန်ကဲလားသည်အမေရိကန်မြို့ကြီးများတွင်တမြို့မှတမြို့သို့လှည့်လည်၍ဟောပြောပွဲများပြုလုပ်၏။ဆရာမအန်နီဆူလေဗန်မှစကားဘာသာပြန်လုပ်ပီးသည်။အောင်မြင်သလောက်ဝေဖန်ခံရသည့်ဟောပြောပွဲများလည်းများစွာဟိခဖူးသည်။ဟယ်လန်ကဲလား၏ဆရာနှင့်ကူညီဖေ၁်များဖြစ်ကတ်သည့်အန်နီနှင့်မာစီရို့၏လက်ထပ်မှုသည်ရှိရှည်မခံခပါချေ။၁၉၁၃ခုနှစ်တွင်မာစီသည်အန်နီထံမှဝီးရာသို့ထွက်ခွါလားလီသည်။၃နှစ်ခန့်အကြာတွင်အန်နီနိန်ထိုင်မကောင်းဖြစ်ပြီးပျူတိုရီကိုသို့လားရောက်လျှက်အညှောင်းဖြေဆီးကုသမှုခံယူသည်။အန်နီအဝီးသို့ရောက်နိန်စဥ်တွင်ဟယ်လန်ကဲလားသည်ပီတာဖါဂန်ဆိုသူသတင်းစာဆရာချေတယောက်နှင့်တွိဆုံဖြစ်သည်။ပီတာသည်ဟယ်လန်ထံမှသင်္ကေတစကားပြောများကိုလေ့လာသည်။ထိုနောက်လက်ထပ်ရန်တောင်းဆိုမှုပြုလုပ်ရာဟယ်လန်၏မိဖများဖက်မှအတိုင်းမသိအောင်ဝမ်းသာဖြစ်သော်လည်းနောက်ပိုင်းတွင်အကြောင်းအမျိုးမျိုးကြောင့်ဟယ်လန်နှင့်ပီတာရို့၏စိစပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းလိုက်ကတ်ပါလီသည်။

ဟယ်လန်၏လက်ဦးဆရာအန်နီပြန်လည်နိန်ထိုင်ကောင်းလာပြီးနောက်ပိုင်းတွင်အန်နီနှင့်ဟယ်လန်ရို့ဆရာတပည့်နှစ်ယောက်သည်ကမ္ဘာတလွှားနိုင်ငံများစွာသို့လှည့်လည်ခရီးထွက်သည်။ဟောပြောပွဲများပြုလုပ်သည်။မျက်စိမမြင်၊နားမကြားသည့်သန်းပေါင်းများစွာသောကမ္ဘာ့ဒုက္ခိတပြည်သူများစွာ၏တိုးတက်ရေးအတွက်ရံပုံငွီများကောက်ခံ၊စည်းရုံးသည်။

၁၉၃၂ခုနှစ်တွင်ဟယ်လန်ကဲလားနှင့်အန်နီဆူလေဗန်ရို့သည်ဥရောပတိုက်သို့အလည်အပတ်ခရီးထွက်ကတ်ရာသူရဲကောင်းများကဲသို့ကြိုဆိုညှိ့ခံခြင်းကိုခံကတ်ရလီသည်။စကော့တလန်မှဂုဏ်ထူးဆောင်ဘွဲ့များကိုချီးမြှင့်၏။အိန္ဒလန်၏ဘုရင်၊ဘုရင်မများနှင့်တွိဆုံဖြစ်ကတ်သည်။ယင်းခရီးစဥ်သည်အန်နီနှင့်ဟယ်လန်ရို့၏အကြီးကျယ်ဆုံးသောနောက်ဆုံးခရီးစဥ်တခုလည်းဖြစ်ခကတ်လီသည်။အဘယ်ကြောင့်ဆိုသော်ဟယ်လန်ကဲလား၏လက်ဦးဆရာနှင့်အချစ်ခင်ရဆုံးသူအန်နီဆူလေဗန်သည်ပြင်းစွာနိန်ထိုင်မကောင်းဖြစ်ပြီးနောက်၁၉၃၆ခုနှစ်တွင်ကွယ်လွန်ဆုံးပါးလားသောကြောင့်ဖြစ်ပါသည်။

အန်နီဆုံးပါးလားပြီးနောက်ပိုင်းတွင်ဟယ်လန်ကဲလားသည်၁၉၁၄ခုနှစ်မှစတင်သိကျွမ်းကတ်သူလည်းဖြစ်ပြီးအမေရိကန်ပြည်ထောင်စုတွင်နိန်ထိုင်သူပိုလီထွမ်ပ်ဆွင်ဆိုသူစကော့တိချ်အမျိုးသမီးတဦးနှင့်တွဲဆက်ဖြစ်ကာပိုလီသည်အန်နီနေရာတွင်အစားထိုးဝင်ရောက်ကာဟယ်လန်၏စကားပြန်တဦးဖြစ်လာလီသည်။ထိုနောက်ပိုလီနှင့်ဟယ်လန်ရို့နှစ်ယောက်ကမ္ဘာအနှံ့ခြီဆန့်ကာနိုင်ငံအသီးသီး၏အကြီးအကဲများစွာနှင့်တွိဆုံဖြစ်၏။အာဖရိက၊အာသျှနှင့်လက်တိန်အမေရိကတိုက်များတွင်မျက်စိမမြင်၊နားမကြား၊ပဘားများအတွက်ဒုက္ခိတပညာသင်ကျောင်းများစွာကိုဖွင့်လှစ်ခကတ်လီသည်။ဟယ်လန်သည်သူမရောက်ဟိရာနိန်ရာတိုင်း၌အားနည်းချက်များစွာဖြင့်မွီးဖွါး၊ရှင်သန်ဖြစ်ကတ်သည့်လူသားများနှင့်သူရို့၏ဘဝများအကြောင်း၊ကမ္ဘာ့ငြိမ်းချမ်းရေးအကြောင်းများကိုဟောပြောပြီးကမ္ဘာ့အရေးအခင်းများတွင်အနုမြူလက်နက်ကိုမသုံးစွဲကတ်ရန်ကမ္ဘာ့ခေါင်းဆောင်များသို့ပန်ကြားမှုများပြုလုပ်ပါသည်။အမေရိကန်ပြည်ထောင်စု၏နိုင်ငံခြားရေးဝန်ကြီးဌါနအနိန်ဖြင့်ဟယ်လန်ကဲလားအားစိတ်သဖေါ်ထားနူးညံ့ပြည့်ဝသည့်အကျိုးသက်ရောက်မှုအားကောင်းသောသံအမတ်ကြီးတဦးအဖြစ်အသိအမှတ်ပြုထားပါလီသည်။

*တဖက်သို့* →

နောက်ပိုင်းတွင်ပိုလီနှင့်ဟယ်လန်ရို့သည်ကွင်နက်တီကတ်ပြည်နယ်တွင်အာကန်ရိဂျ်(Arcan Ridge)ဟုအမည်ရသည့်နိန်ချင်စဖွယ်အိမ်တလုံးတွင်အတူတူနိန်ထိုင်ခကတ်လီသည်။၁၉၅၉ခုနှစ်တွင်ဟယ်လန်ကဲလား၏ဘဝနှင့်အန်နီဆူလေဗန်၏အနစ်နာခံ၊အပင်ပမ်းခံသင်ကြားပြသမှုများကိုရိုက်ကူးပြသသည့် "အာဃလုပ်သား" (The Miracle Worker)ရုပ်ရှင်ဇတ်ကားသည်ဆုတံဆိပ်ဆွတ်ခူးရဟိသည့်ရုပ်ရှင်ကားတကားဖြစ်ခပါသည်။ဟယ်လန်၏အတူနိန်စကားပြန်ဖြစ်သည့်ပိုလီထွမ်ပ်ဆွန်သည်၁၉၆၀ပြည့်နှစ်တွင်ဆုံးပါးလားရာဟယ်လန်သည်အိမ်ဖေါ်တဦးနှင့်အတူသူမ၏နောက်ဆုံးနှစ်များကိုနိန်ထိုင်ခပြီးအများပြည်သူရှိမှောက်သို့လည်းအရောက်အပေါက်လွန်စွာနည်းပါးလားပါလီသည်။ထိုနောက်၁၉၆၈ခုနှစ်၊ဂျုန်လာရက်နိတွင်ဟယ်လန်ကဲလားသည်သူမ၏အိမ်၌ပင်ကွယ်လွန်အနစ္စရောက်လားရာဝါသျှိန်တန်ဒီစီမြို့တော်မှအမျိုးသားသုတ်သန်၌အန်နီဆူလေဗန်၊ပိုလီထွမ်ပ်ဆွန်ရို့၏အုတ်ဂူအနားတွင်ပင်ဟယ်လန်ကဲလား၏အုတ်ဂူအားထားဟိမြှုပ်နှံခကတ်လီသည်။

ယင်းသို့ဖြင့်မျက်စိလည်းမမြင်၊နားလည်းမကြား၊စကားလည်းမပြောတတ်သူအမျိုးသမီးတဦးသည်ကျန်းမာသန်စွမ်းသည့်များစွာသောအခြားလူများထက်ပိုမိုတောက်ပ၊နက်သျိုင်း၊လှပသည့်ဘဝတွင်နိန်ထိုင်ဖြစ်ခ၊စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့်လှုပ်သျှားကူးခတ်နိန်ခပါလီသည်။သူမ၏ချစ်မိတ်ဆွီများထဲတွင်စာရွီးဆရာကြီးများ၊ရုပ်ရှင်သရုပ်ဆောင်များ၊တီထွင်ပညာသျှင်များနှင့်နိုင်ငံအကြီးအကဲများစွာရို့ပါဝင်လီသည်။သူမသည်အမေရိကန်သမ္မတပေါင်း၁၁ဦးနှင့်လည်းတွိဆုံဆွေးနွေးမှုများပြုလုပ်ခ၏။သူမ၏စာအုပ်များ၊ဆောင်းပါးများ၊မိန့်ခွန်းများသည်သန်းပေါင်းများစွာသောကမ္ဘာ့ပြည်သူရို့၏နှလုံးသားဝယ်အေနိတိုင်ကိန်းဝပ်နိန်ဆဲဖြစ်ပါကြောင်းနှင့်သူမ၏မိန့်ခွန်းအပိုင်းအစတခုကိုကောက်နှုတ်တင်ပြပနာငြိမ်းချမ်းရေးသံတမန်၊အာဃအမျိုးသမီးကြီးဟယ်လန်ကဲလားအားဂုဏ်ပြုတင်ပြလိုက်ရပါသည်။စွမ်းဆောင်ရည်ပြည့်ဝသလောက်နှလုံးသားလှပသည့်လူသားပီသသူ၊သူရဲကောင်းဟယ်လန်ကဲလားတယောက်ကောင်းရာသုဂတိလားပါစီ။

"အမှန်မှာအကျွန်ရို့လူသားတိအားလုံးရေတယောက်ကိုတယောက်အမှီသဟဲပြုနိန်ထိုင်နိန်ကတ်ရစွာပါ၊အထီးကျန်ဆန်ဆန်နိန်ထိုင်လားဖို့ဆိုစွာရေအကျွန်ရို့တယောက်အတွက်လည်းမဖြစ်နှိုင်ရေကိစ္စတခုပါ၊ကိုယ့်စွာကိုယ်တယောက်တည်းကတော့ကေအကျွန်ရို့လုပ်နှိုင်စွာရေတဖွဲ့ချေရာဖြစ်ပြီးကေအားလုံးအတူတူလုပ်ကိုင်ကတ်ပါမှကြီးကြီးကျယ်ကျယ်၊များများစားစားပြီးစီးအောင်မြင်နှိုင်ကတ်စွာဖြစ်ပါရေ၊အချင်းချင်းကြားမှာတည်ဟိနိန်တတ်တေတင်းမာမှုအုတ်နံရံကြီးကိုတိုက်ဖျက်ပနာအားလုံးအတွက်စစ်မှန်သောပျော်ရွှင်ကျေနပ်မှုကို"ချစ်ခြင်းမေတ္တာ"တခုတည်းကသာလျှင်ပီးနှိုင်စွမ်းဟိကြောင်းစကားဆိုလိုက်ပါရစီ"

*ဟယ်လန်ကဲလား*

အားလုံးသောစာဖတ်သူများ၊ချစ်မိတ်ဆွီများ၊ရက္ခိုင်သူ၊ရက္ခိုင်သားများ၊ကမ္ဘာသူ၊ကမ္ဘာသားများလည်းဟယ်လန်ကဲလားကဲသို့ပင်အခက်အခဲများ၊စိန်ခေါ်မှုများကိုကြံ့ကြံ့ခံကျော်လွှားလျှက်ဘဝ၏အခန်းကဏ္ဍအသီးသီးတွင်အောင်မြင်မှုသရဖူများကိုယ်စီကိုယ်ငှဆောင်းနှိုင်ကတ်ပါလီစီကြောင်းဆုတောင်းပတ္ထနာပြုလိုက်ပါသတည်း။ ။

ခင်မင်မှုဖြင့်

မောင်သာပေါ် (ရမ်းဗြဲ)


ကျမ်းကိုး

Helen Keller: Author and Advocate for the Disabled by Kent, Deborah

Helen Keller by Sloan, Carolyn

Helen Kellet: Out of a Dark and Silent World by Shichtman, Sandra H.

www.amazon.com

www.infoplease.com

www.projo.com

www.arthursbookshelf.com

www.booku.com

www.quotationspage.com


◆ ◆ ◆ ◆ ◆ ◆

## *ကလောင်သွီးကတ်ပါ*

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** **သို့ စာမူများပီးပို့နှိုင်ကတ်ပြီး စာစောင်တွင်ပုံနှိပ်ဖေါ် ပြရန်ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရိကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုပြင်ပမှဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။ကျေးဇူးတင်ပါသည်။**



# လူချွန် လူမွန် များ၏ ဘဝတာ များ အကြောင်း တစ် တ စောင်း

ကမ္ဘာကြီးသည် ဒုက္ခများနှင့်ပြည့်နှက်နိန်သည့်တိုင်ယင်း ဒုက္ခများကိုကျော်လွှားလာနိူင်မှုများနှင့်လည်းပြည့်ဖြိုးနိန်ပါသည်။

တခါလည်း ဝေါင်းမငုံ့ပါကေ့။ မြင့်မြင့်၊ မတ်မတ် ထောင်ထားပါ။ ကမ္ဘာကြီးကို တည့်တည့် စိုက်ကြည့်ပါ။

*ဟယ်လန်ကဲလား*

# ဟယ်လန်ကဲလား (Helen Keller)

ဟယ်လန်ကဲလားကို၁၈၈၀ခုနှစ်၊ဂျုန်လ၂၇ရက်နိတွင်အမေရိကန်ပြည်ထောင်စု၊အယ်လ်ဘားမားပြည်နယ်၊ထူစ်ခုမ်းဗီးယား(Tuscumbia)မြို့တွင်ဖွါးမြင်ခသည်။သူမ၏အသက်၁၉လအရွယ်တွင်အပြင်းအထန်ဖျားနာပြီးပြန်ကောင်းလာသောအခါသူမ၏မိဖများအတွက်ကြီးစွာသောတုန်လှူပ်မှုဖြစ်ပွါးစီသည့်အခြင်းအရာတခုဖြစ်ပွါးလားပါသည်။ယင်းမှာဟယ်လန်ကဲလားသည်မျက်စိလည်းမမြင်၊နားလည်းမကြားသူတဦးဖြစ်နိန်သောကြောင့်ဖြစ်ပါသည်။

မျက်စိအမြင်၊နားအကြားများဆုံးပါးလားသောဟယ်လန်ကဲလားသည်စကားလည်းမပြောတတ်သူတဦးဖြစ်လားပါသည်။အခြားလူများ၏စကားပြောသံများကိုလည်းမကြားရ၊ဇာတိဖြစ်ပျက်နိန်မှန်းလည်းသိမြင်ခွင့်မရသည့်အခြေအနေတရပ်၌သူမမိန်းခွန်းများမိန်းချင်သောအခါ၊တစုံတရာကိုသျှင်းပြစီချင်သောအခါများတွင်အခြားသူများနှင့်လုံလောက်၊သင့်တော်သည့်ဆက်ဆံရေးမရဟိသည့်သူမသည်ဒေါသထွက်လွယ်တတ်သူတဦးဖြစ်လာလတ်ပါသည်။သူမ၏မိဖများမှာလည်းသူမအတွက်စိတ်မကောင်းခြင်းများစွာဖြစ်ကတ်ရပြီးသူမအားသူရို့အိမ်နှင့်ခြံထဲတွင်လွှတ်လွှတ်လပ်လပ်ပြီးလွှားကဇါပ်ခွင့်ပီးထားသည်။မိသားစုဝင်များ၏ထမင်းလောင်ဗွန်းမှစားစရာများကိုဟယ်လန်မှဇုတ်ခနဲ၊ဇုတ်ခနဲယူငင်စားသုံးခြင်းများကိုလည်းနားလည်စွာခွင့်ပြုထားကတ်သည်။သို့ဖြင့်သူမ၏လိုအပ်ချက်များကိုကောင်းမွန်စွာဆက်ဆံတောင်းဆို၊ဆွေးနွေးခွင့်များမဖြစ်နိူင်သည့်ဟယ်လန်ကဲလားသည်သူမ၏ငယ်ရွယ်စဥ်ဘဝကိုတိရိစ္ဆာန်အရိုင်းမချေတကောင်ကဲသို့ပင်ကြီးပြင်းရှင်သန်ဖြစ်လားပါလီသည်။

ဟယ်လန်၏မိဖများသည်နောက်ဆုံးတွင်မက်ဆာချူးဆက်ပြည်နယ်၊ဘော်စထွင်မြို့တွင်မျက်စိမမြင်၊နားမကြားသူပဘားများအတွက်ဖွင့်လှစ်ထားဟိပါကိန်းသိပ္ပံ(Perkins Institution)သို့စာရွီးအကြောင်းကြားကာဟယ်လန်အတွက်အကူအညီလှမ်းတောင်းကတ်ပါသည်။ထိုစဥ်ကပါကိန်းသိပ္ပံ၏ညွှန်ကြားရေးမှူးဖြစ်သူမိုက်ခယ်အနာဂနိုစ်(Michael Anagnos)သည်သူ့ကျောင်းမှကျောင်းဆင်းပြီးခါစဘွဲ့ရဆရာမချေတဦးဖြစ်သည့်အန်နီဆူလေဗန်(Annie Sullivan)ဆိုသူကိုဟယ်လန်ကဲလားအားထိမ်းကျောင်းသင်ပြရန်တာဝန်ပီးလွှတ်လိုက်ပါ လီသည်။

အန်နီဆူလေဗန်သည်ဟယ်လန်ကဲလားရို့မိသားစုနိန်ထိုင်ရာထူစ်ခုမ်းဗီးယားသို့၁၈၈၇ခုနှစ်၊မာ့ချ်လတွင်ရောက်ဟိသည်။ထိုနောက်အန်နီသည်အင်္ဂလိပ်အက္ခရာစာလုံးများကိုလက်ချောင်းများအသုံးပြုမှတ်သားပုံများကိုဟယ်လန်အားစတင်သင်ကြားသည်။အန်နီနှင့်ဟယ်လန်ရို့သည်အက္ခရာစာလုံးများအားလက်ချောင်းအသုံးပြုမှတ်သားချက်များကိုအတူတူကဇါပ်ကတ်သောအခါတွင်လည်းကောင်း၊စားသောက်နိန်စဥ်တွင်လည်းကောင်း၊လမ်းလျှောက်နိန်တုန်းမှာလည်းကောင်းအထူးဂရုပြုလေ့ကျင့်မှုများပြုလုပ်ကတ်ပါလီသည်။သို့ဖြင့်ဟယ်လန်ကဲလားသည်သူမ၏လက်ချောင်းငယ်များကိုအသုံးပြုလျှက်စကားလုံးများကိုစာလုံးပေါင်းမှန်းမသိပေါင်းနိန်မိလီသည်။



*ဟယ်လန်ကဲလားနှင့်အန်နီဆူလေဗန်ရို့ လက်ချောင်းသင်္ကေတများကိုအသုံးပြုလျှက်စာပီလေ့လာနိန်ကတ်စဥ်*

တခုသောမိုးထဖက်တွင်အန်နီနှင့်ဟယ်လန်ရို့အိမ်အပြင်ဖက်တွင်ရပ်နိန်ကတ်စဥ်ရီပိုက်အနားမှရီအင်ဒုံထဲသို့အန်နီကရီပင့်ဖြင့်ရီဖြည့်နိန်တုန်းဟယ်လန်သည်သူမ၏လက်များကိုအင်ဒုံထဲသို့နှိုက်လိုက်ရာအီးမြသောရီ၏အထိအတွေ့ကိုခံစားရပြီးနောက်အန်နီသည်ဟယ်လန်၏လက်များကိုအင်ဒုံထဲမှထုတ်ယူလိုက်ပြီး ‘ရီ’ (W-A-T-E-R) ဟူသောစာလုံးပေါင်းဖြစ်ရန်သင်ကြားပီးလိုက်သည်။ဟယ်လန်ကလည်းစာလုံးလိုက်ပေါင်းသည်။ယင်းအခိုက်အတန့်၌ပင်ဟယ်လန်သည်ထူးခြားသောခံစားမှုတခုကိုခံစားလိုက်ရပြီးသူမ၏လေ့လာမှုသည်အဆင့်အရည်တစုံတရာကိုစတင်တက်လှမ်းဗျာယ်ဖြစ်ကြောင်းသိဟိနားလည်လိုက်သည်။

*တဖက်စာမျက်နှာသို့* →

ထိုနောက်တွင်အန်နီသည်သစ်ပင်ကိုလည်းကောင်း၊ခြံစည်းရိုးကိုလည်းကောင်း၊ကျောက်ခဲကိုလည်းကောင်းဟယ်လန်အားထိတွိကိုင်တွယ်ကာစာလုံးပေါင်းစီသည်။သို့ဖြင့်ဟယ်လန်သည်သူမ၏ပတ်ဝန်းကျင်ဟိအရာဝတ္ထုများအားလုံး၌နာမည်အခေါ်အဝေါ်များအသီးသီးဟိကြောင်းသဖေါ်ပေါက်လာကာစာလုံးလည်းပေါင်းတတ်လာပါသည်။သူမ၏လက်ချောင်းများအရွှိအပြောင်းတိုင်း၌အဓိပ္ပါယ်နှင့်ဆိုလိုရင်းများပါဝင်တည်ဟိနိန်ကြောင်းလည်းလေးနက်စွာသဖေါ်ပေါက်လာသည်။တချိန်တည်းမှာပင်အန်နီကလည်းဟယ်လန်အားယင်းလက်ချောင်းသင်္ကေတများကိုအသုံးပြုလျှက်ပင်အခြားလူများနှင့်ဆက်ဆံမှုပြုလုပ်စီသည်။

တဆတ်ဆတ်နှင့်ဟယ်လန်သည်သူမ၏လက်ချောင်းသင်္ကေတများကိုအသုံးပြုလျှက်စကားလုံးများမှသည်ဝါကျများရှီးဖွဲ့တတ်လာသည်။အန်နီကလည်းထိတွိခံစားမှုကိုအခြီခံသောလေ့လာခြင်းနိသရည်းအားကောင်းစွာအသုံးချလျှက်ဟယ်လန်ကိုပြင်ပကမ္ဘာနှင့်မိတ်ဆက်ပီးသည်။ပိုမိုလေ့လာစီသည်။အန်နီကဟယ်လန်ကိုမြင်းစီးသင်ပီးသည်။ရီကူးစီသည်။မျက်လှည့်ဆာကပွဲများသို့အတူလားရောက်ကာပွဲပြသသူမန်နေဂျာအားခွင့်တောင်းလျှက်ဟယ်လန်အားဆာကထဲမှတိရစ္ဆာန်များကိုထိတွိကိုင်တွယ်စီသည်။ဟယ်လန်သည်ခြသေ့်ငယ်များကိုပွပ်သပ်ကိုင်တွယ်ပြီးဆင်ကိုလည်းစီးဖြစ်လားပါသည်။ယင်းနောက်တွင်အန်နီသည်ဟယ်လန်အားခဲတံနှင့်စာရွှီးရန်စတင်သင်ကြားပီးလီသည်။

သို့ဖြင့်ဆရာကောင်းနှင့်တပည့်ကျော်နှစ်ယောက်ရို့၏တနှစ်ကြာအတူလေ့ကျင့်မှုများအပြီးတွင်အန်နီသည်ဟယ်လန်အားဘော့စတွန်မြို့သို့ရထားဖြင့်ခေါ်ဆောင်လားပြီးပါကိန်းသိပ္ပံတွင်သင်ကြား၊လေ့လာမှုများပြုလုပ်ရန်ကျောင်းအပ်လိုက်ပါလီသည်။ကျောင်း၏ညွှန်ကြားရေးမှူးမိုက်ခယ်သည်ဟယ်လန်၏တိုးတက်လာမှုများကိုတအံ့တသြတွိမြင်ရသောအခါသူမ၏လှုပ်သျှားဆောင်ရွက်မှုများအားလုံးကိုကျောင်း၏နှစ်ပတ်လည်အစီရင်ခံစာများ၊သတင်းစာများတွင်ထည့်သွင်းရွှီးသားစီသည်။တဆတ်ဆတ်နှင့်ဟယ်လန်ကဲလားသည်ပါကိန်းသိပ္ပံတွင်လူသိများသည့်ကျောင်းသူတဦးဖြစ်လာပါလီသည်။အမေရိကန်နိုင်ငံတဝှမ်းလုံးမှလူများစွာရို့သည်ဟယ်လန်အားမည်မျှလေးစားကတ်ကြောင်းစာရွှီး၍အသိအမှတ်ပြုကတ်သည်။ဟယ်လန်၏အောင်မြင်မှုများသည်ဘဝတွင်အခက်အခဲများစွာ၊အတားအဆီးများစွာနှင့်ကြုံနိန်ကတ်ရသည့်အခြားလူသားများစွာရို့အတွက်ယင်းအခက်အခဲ၊အတားအဆီးများကိုကျော်လွှားရန်အင်အားတရပ်ဖြစ်စီ၏။ရှိဆောင်လမ်းပြလည်းဖြစ်စီ၏။ယုံကြည်မှုကိုလည်းတိုးပွါးစီ၏။သူမထံစာရွှီးသူများထဲတွင်အမေရိကန်ပြည်ထောင်စု၏အရေးကြီးပုဂ္ဂိုလ်များပါဝင်ပါသည်။ဟယ်လန်နှင့်(ပဘားများအတွက်ကျောင်းဆရာနှင့်တယ်လီဖုန်းတီထွင်သူပညာသျှင်ဖြစ်သည့်)အလက်ဇန်းဒါးဂရေဟမ်ဘဲလ်ရို့သည်ရာသက်ပန်မိတ်ဆွီများဖြစ်လာကတ်သည်။စာရွှီးဆရာကြီးမာ့ခ်တွိန်းနှင့်ဟယ်လန်ရို့သည်အချင်းချင်းအပြန်အလှန်ရင်းရင်းနှီးနှီးစာရွှီးဖေါ်ရွှီးဖက်များဖြစ်လာကတ်သည်။သူမသည်ယင်းအချိန်ကအမေရိကန်ပြည်ထောင်စု၏သမ္မတကြီးဂရိုဗာခလီးဗလန်း(Grover Cleveland)နှင့်လည်းတွိဆုံဖြစ်လီသည်။

လူများစွာရို့အနိန်ဖြင့်ဟယ်လန်ကဲလားသည်ငြိမ်သက်၊တိတ်ဆိတ်သည့်ဘဝအမှောင်ထဲတွင်နိန်ထိုင်နီရသည်ဟုပုံဖေါ်ဖြစ်ကတ်ပါလိမ့်မည်။သို့သော်ဟယ်လန်၏ဘဝအမှန်သည်ငြိမ်သက်၊တိတ်ဆိတ်၍မနိန်ပါ။မှောင်မဲ၍လည်းမနိန်ပါ။အမှန်မှာအနံ့အသက်များ၊ထိတွိမှုများ၊လေ့လာသင်ယူမှုများ၊ကြိုးစားမှုများ၊အောင်မြင်မှုများ၊ချစ်မိတ်ဆွီများ၊လေးစားအားကျအတုယူမှုများ၊အတုယူသူများ၊ခွန်အားများ၊ယုံကြည်မှုများနှင့်ပြည့်နှက်ကြွယ်ဝလွန်းသည့်ဘဝတာပင်ဖြစ်ပါသည်။တစုံတယောက်သူမအခန်းသို့လာနိန်ကြောင်းကြမ်းပြင်တုန်ခါမှုအားသတိထားမိရုံဖြင့်သူမသိတတ်နိန်သည်။လတ်ဆတ်သောလီနုအီးအီးများ၏အရသာကိုသျှူသျှိုက်ခံစားရတိုင်းအိမ်ခန်းပြတင်းပေါက်များဖွင့်ထားကြောင်းနားလည်နိန်တတ်သည်။သူမ၏မိတ်ဆွီများ၊ပတ်ဝန်းကျင်မှလူများအားလုံးနီးပါး၏လက်များကိုထိတွိကိုင်တွယ်လိုက်သည်နှင့်ယင်းလူအသူဖြစ်သည်ကိုသူမကောင်းစွာသိတတ်နိန်ပါသည်။

***ကိန်းဘရိချ်တွင်သင်ယူလေ့လာမှုများပြုလုပ်ပြီးနောက်ပိုင်းတွင်ဟယ်လန်ကဲလားသည်မျက်စိလည်းမမြင်၊နားလည်းမကြား၊စကားလည်းမပြောတတ်သူမည်သည့်လူသားမှမလုပ်ဖူးသည့်သမိုင်းဝင်ဆုံးဖြတ်ချက်တရပ်ကိုချမှတ်ခပါသည်။ ယင်းမှာ“ကောလိပ်ကျောင်းတက်ရန်”ဟူသည့်ဆုံးဖြတ်ချက်ပင်ဖြစ်ပါသည်။***

သူမအသက်၁၀နှစ်ခန့်တွင်ဟယ်လန်သည်စကားပြောတတ်ချင်ကြောင်းအန်နီကိုပြောပြသည်။ထိုနောက်စကားပြောတတ်ရန်လေ့ကျင့်သည်။ဆရာများတယောက်ပြီးတယောက်ပြောင်းလဲကြိုးစားသင်ကြားပီးသည်။တဆတ်ဆတ်နှင့်အသံတချို့ပြုနိုင်သော်လည်းသူမ၏စကားသံများကိုမည်သူမှနားမလည်ပါ။

၁၈၉၆ခုနှစ်တွင်ကိမ်းဘရိချ်အမျိုးသမီးငယ်များကျောင်းသို့ဝင်ရောက်သည်။သူမ၏ဆရာမဖြစ်သူအန်နီသည်သူမ၏နံဘေးတွင်ထိုင်လျှက်လက်ဟန်သင်္ကေတများဖြင့်သင်ခန်းစာများကိုသျှင်းလင်းကာဖြင့်သင်ယူလေ့လာခြင်းဖြစ်ပါသည်။ဟယ်လန်သည်သူမ၏စာမိန်းပွဲအဖြေလွှာများကိုလက်နှိုက်စက်ဖြင့်ရိုက်၍ဖြေသည်။သို့ဖြင့်ဆရာ၊ဆရာမများအနိန်ဖြင့်သူမ၏အဖြေလွှာများကိုဖတ်ရှုနားလည်ခွင့်ရကတ်သည်။သူမသည်မြန်မြန်နှင့်တိကျမှန်ကန်စွာရိုက်တတ်သူလက်နှိုက်စက်ရိုက်သမတယောက်လည်းဖြစ်ပါသည်။ကိန်းဘရိချ်တွင်သင်ယူလေ့လာမှုများပြုလုပ်ပြီးနောက်ပိုင်းတွင်ဟယ်လန်ကဲလားသည်မျက်စိလည်းမမြင်၊နားလည်းမကြား၊စကားလည်းမပြောတတ်သူမည်သည့်လူသားမှမလုပ်ဖူးသည့်သမိုင်းဝင်ဆုံးဖြတ်ချက်တရပ်ကိုချမှတ်ခပါသည်။ယင်းမှာ ***“ကောလိပ်ကျောင်းတက်ရန်”*** ဟူသည့်ဆုံးဖြတ်ချက်ပင်ဖြစ်ပါသည်။

သို့ဖြင့်သက္ကရာဇ်၁၉၀၀တွင်ရာဒ်ခလိဖ်ကောလိပ်(Radcliffe College)သို့ဝင်ရောက်သည်။ ထုံးစံအတိုင်းအန်နီသည်သူမ၏ဘေးနားတွင်

*စာမျက်နှာ ၁၄ သို့*

ရက္ခိုင့်လူ့အဖွဲ့အစည်း

အခြေပြုသတင်းစဉ်

ဖြစ်ပါသည်။

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်မှာယူလိုသူ၊ ပံ့ပိုးလိုသူများအောက်ပါဘဏ်နံပါတ်သို့ဖေသာတိုက်ရိုက်ပီးသွင်းနိုင်ကတ်ပါသည်–

Name: Oo Thein Maung

Account No.:4806231914

Bank: PNC

====

(နိုင်ငံခြားမှငွေပို့လိုသူများအတွက်)

Swift Code: PNCCUS33

Editor:

Oo Thein Maung

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-630-956-3382 (Cell)

theai2011@hotmail.com

တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ  ၇၅ ဒေါ်လာ

# ကိုစတာရီကာ

## (Costa Rica)








ကိုစတာရီကာနိုင်ငံသည်စပိန်သစ္စာတော်ခံဂွါတီမာလာဘုရင့်နိုင်ငံနှင့်တွဲချိတ်လျှက်၁၈၂၁ခုနှစ်အထိတည်ဟိနိန်ခသည်။၁၈၃၈ခုနှစ်အလယ်ပိုင်းအမေရိကနယ်မြီများပြိုကွဲသောအခါကိုစတာရီကာသည်လွတ်လပ်သောနိုင်ငံတခုဖြစ်လာသည်။ထိုနောက်၁၉၄၈ခုနှစ်ရွီးကောက်ပွဲတွင်ရွီးကောက်ပွဲမဲမသမာမှုကိုအကြောင်းပြုကာရီတိုပြည်တွင်းစစ်ဖြစ်ပွါးခြင်းမှလွဲ၍ဒေသတွင်းနိုင်ငံများအားလုံးထဲတွင်တည်ငြိမ်မှုအဟိဆုံးနိုင်ငံပင်ဖြစ်သည်။ကိုစတာရီကာနိုင်ငံ၏ပထမဦးဆုံးသောဒီမိုခရေစီနည်းကျပြည်သူ့အစိုးရရွီးကောက်တင်မြှောက်ပွဲကို၁၈၈၉တွင်စတင်ကျင်းပနိူင်ခပြီး“ကြားနိန်ရေးဝါဒ”ကို၄င်း၏နိုင်ငံခြားရေးမူဝါဒအဖြစ်ရီရှည်ကျင့်သုံးနိန်ဆဲဖြစ်သည်။သို့သော်အမေရိကန်ပြည်ထောင်စုနှင့်ရင်းနှီးသောကူးလူးဆက်သွယ်မှုများများစွာဟိနိန်ပေသည်။

**တရားဝင်အမည်။** ။ ကိုစတာရီကာသမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၀၂

**မြို့တော်။** ။ ဆန်ဂျိုး (San Jose)

**အဓိကမြို့ကြီးများ။** ။ အေလာဟူးလာ(Alajuela)၊ကာတာဂို(Cartago)၊ပုန်တာရီနာစ်(Puntarenas)၊)၊ ဟယ်ရယ်ဒီးယား (Heredia)။

**လူဦးရေ။** ။ ၄.၅ သန်း (ဂျူလိုင်၂၀၁၀)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင်၂၁၃ယောက်(၁စတုရန်းခီလိုမီတာလျှင် ၈၂ ယောက်)။

**အကျယ်အဝန်း။** ။ ၁၉၇၃၀ စတုရန်းမိုင် ( ၅၁၁၀၀ စတုရန်းကီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။ စပိန်၊ အင်္ဂလိပ်ခရီယို၊ဘရီဘရီ၊ ကာဘက်ကာ။

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမန်ကက်သလစ်၇၆ရာနှုန်း၊အခြား(ပရိုတက်စတင့် အပါအဝင်) ၂၄ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ မက်တီဇိုနှင့်ဥရောပသားများ၉၆ ရာနှုန်း၊ လူမည်း ၂ ရာနှုန်း၊တရုတ် ၁ ရာနှုန်း၊ အမေရိဒီယန် ၁ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွီကြီးယူနီ။** ။ ၁ ကိုစတာရီကန်ကိုလုံး (Colon) လျှင် ၁၀၀ စင်တီမို(Centimos)။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၆ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၇၆၁ ခယ်လိုရီ။

ကမ္ဘာ့နိုင်ငံများ

မိတ်ဆက်ကဏ္ဍ

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဟယ်လန်ကဲလား (မောင်သာပေါ်–ရမ်းဗြဲ) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| ဂျန်လ | ၃ |
| ဂျန်လရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၇ |
| အောခရီးမဝီးပါယာ (မင်းစိုးအိမ်) | ၈ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊သတင်းဖတ်ပနာမြီပုံကြည့် | ၁၀–၁၁ |
| အမေရိကန်ပြည်ထောင်စုမှအထက်တန်းကျောင်းသူမယုကေခိုင်နှင့်တွိဆုံမိန်းမြန်းခြင်း | ၁၂ |
| စာပြည့်ညီရခိုင်စာအုပ်စင် | ၁၃ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကိုစတာရီကာနိုင်ငံ | ၂၀ |

အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။